ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (20-3-2006) (၄၉၀၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစု လှူဒါန်းသော စိန်ဖူးတော်ကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ရွှေထီးတော်တင်နှင့့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပေါ်၌ တည်ထားသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသည့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သံဃနာယက ဆရာတော်ကြီးများ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဥပဒေချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)မှအဖွဲ့ဝင်များ၊ ပြည်နယ်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စေတီတော်အား ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

✻ နိုင်ငံတော်မှ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံဘဏ်များအသင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာနိုင်ငံဘဏ်များအသင်း ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်း ကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို အဆောက်အအုံသစ် ပထမထပ်ရှိ ဇမ္ဗူရာဇ်ရွှေစင်ခန်း၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်ခိုင်မာရေးအတွက် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်ရန် ကြီးကြပ်စိစစ်ရေးအဖွဲ့နှင့် ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ ချမှတ်ထိန်းကျောင်းမှု (Bank Regulation) တို့ကို ပိုပြီးအလေးထား ဆောင်ရွက်နေကြောင်း။

ရည်ရွယ်ချက်များ

နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိက စက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး၊ ဖွဲ့စည်းပြီးသည့် စက်မှုဇုန်များ ပိုပြင်စွာ တိုးတက်ဖြစ်ပေါ်ရေးစသော ရည်ရွယ်ချက်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးကို ဖြည့်ဆည်းပေးရေးနှင့် ငွေကြေးဝန်ဆောင်မှုပေးရေးကို ဘဏ်လုပ်ငန်းကဏ္ဍမှ အဓိက ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၊ စက်မှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးဖြည့်ဆည်းပေးမှုသည် အဓိကအရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းသို့ အဓိကကျသည့်အတွက်လည်း ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှု (Financial Sector Stability) ရှိရန် အဓိကလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက အနီးကပ်ကြီးကြပ် လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ငွေကြေးတည်ငြိမ်မှု ထိန်းကျောင်းခြင်း အပြင်ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေး အတွက် ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ပြည်တွင်းပြည်ပမှာ မြန်မာကျပ်ငွေတန်ဖိုး ပိုမိုခိုင်မာတည်တံ့ရေးအတွက် ဘဏ်များအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ဘဏ်တစ်ခုနှင့်တစ်ခု ကူညီရိုင်းပင်းရေးနှင့် ဘဏ်များ၏ အကျိုးကို ပံ့ပိုးဆောင်ရွက်ပေးရေးတို့အတွက် ဦးဆောင်မှုပေးရန်၊ ပြည်သူများ ဘဏ်ကို အားထားအသုံးပြုသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းကို ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းကြီး၏သက်တမ်း ခုနစ်နှစ်ကြာမှ ဘဏ်များအသင်း အဆောက်အအုံကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာလည်း ဘဏ်များစည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း၏ သာဓကတစ်ရပ်ဖြစ်ကြောင်း။

အရည်အချင်းမြှင့်တင်

ယခုဆိုလျှင် ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်းတို့ ပူးတွဲပြီး လစဉ် အမှုဆောင်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အဖွဲ့အစည်းအဝေးကို ကျင်းပခဲ့သည်မှာ (၇၉)ကြိမ်မြောက် ရှိသွားပြီဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းစနစ်ကြီးကို အမီလိုက်နိုင်ရန် ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးနှင့် အရည်အချင်းပါ မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဘဏ်များကြီးကြပ်ရေးကော်မတီမှ ကြီးမှူးပြီး အထွေထွေ ဘဏ်လုပ်ငန်းသင်တန်းကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ယင်းသင်တန်းများမှာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ ထပ်လောင်းရရှိစေရန်အတွက် ဆွေးနွေးပွဲများကိုပါ ပူးတွဲကျင်းပပေးခဲ့ကြောင်း။

ဘဏ်များအနေဖြင့် ပြည်သူလူထုကို ငွေကြေးဝန်ဆောင်မှုပေးနေကြကြောင်း၊ ယင်းသို့ ဝန်ဆောင်မှုများပေးရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ်လုပ်ငန်းတွင် ငွေရေးကြေးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်မီတိုးတက်သည့် ဘဏ်လုပ်ငန်းစနစ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင်လည်း တိုးတက်မှုရရှိစေရန် တစ်ဘဏ်နှင့်တစ်ဘဏ် မှန်ကန်သည့် ယှဉ်ပြိုင်မှုများဖြင့်သာ ပြည်သူလူထု၏ ဘဏ်လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုကြောင်း၊ မမှန်မကန် နည်းလမ်းမကျသည့် ယှဉ်ပြိုင်မှုသည် ဘဏ်လုပ်ငန်းကဏ္ဍကို ထိခိုက်စေ နိုင်သည်ကို ဂရုပြုကြရန်ကို မမေ့လျော့ကြစေရန်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတကာနည်းတူ တရားမဝင် နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် အကြမ်းဖက်လုပ်ငန်းများအတွက် ငွေကြေး အထောက်အပံ့ပေးမှု ထိန်းချုပ်ရေးဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန်ကို ထပ်မံပြောကြားတိုက်တွန်းလိုကြောင်း၊ ထို့အပြင် ရလမ်းမရှိနှင့် ရရန်မသေချာသည့် ကြွေးမြီ NON- Performing Loans (NPLs) များ ကြီးထွားလာသည့်ပြဿနာမျိုး ရှောင်ရှားနိုင်ရန်အတွက် ဘဏ်ချေးငွေ ထုတ်ချေးရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ထုတ်ချေးမှုရှိမရှိကို အဆင့်ဆင့် ထိရောက်စွာ ကြပ်မတ်စစ်ဆေးသွားကြရန်၊ ကြွေးဆုံးများနှင့် ရလမ်းမသေချာသည့် ကြွေးမြီများအတွက် အထွေထွေလျာထားမှုများ ထားရှိရန်လည်း လွန်စွာအရေးကြီးကြောင်း။

မြန်မာနိုင်ငံဘဏ်များ အသင်းဝင်ဖြစ်သည့် ဘဏ်များအနေနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နိုင်ကြရန် ကြိုးစားကြစေလိုကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နောင်တစ်နေ့တွင် စီးပွားရေးဇုန်များဖြစ်သည့် အထူးစီးပွားရေးဇုန်၊ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်၊ စက်မှုအထူးဇုန်များ ဖွင့်လှစ်ဆောင်ရွက်သည့်အခါမှာလည်း ဘဏ်လုပ်ငန်းမှာ ပိုမိုအရေးပါမှာဖြစ်သည့်အတွက်ကြောင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များကလည်း ဘဏ်ဝန်ဆောင်မှုလုပ်ငန်းမှာ ယှဉ်ပြိုင်မှုစွမ်းအားအပြည့်ဖြင့် မိမိ၏အခန်းကဏ္ဍ လျော့ကျမသွားစေအောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားလိုကြောင်း။

သို့မှသာ ဘဏ်နှင့်ဆက်သွယ်လာကြသည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဘဏ်ဝန်ဆောင်မှုမှတစ်ဆင့် စိတ်ချမ်းသာမှုပေးနိုင်အောင် ကြိုးပမ်းရမှာ ဖြစ်သကဲ့သို့ စည်းကမ်းတကျ၊ မှန်မှန်ကန်ကန်၊ လုပ်ငန်းဆောင်ရွက်ကြမှသာ မြန်မာနိုင်ငံတော်၏ ဘဏ်လုပ်ငန်းကဏ္ဍ အောင်မြင်ဖြစ်ထွန်းပြီး ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာမှာ အရေးပါသော အခန်းကဏ္ဍမှ ထိရောက်စွာ ပါဝင်ဆောင်ရွက်ရာလည်း ရောက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်ရဲ့ ထွင်လုံးကို ပုံတူကူးချလျှင်မှားမည်

စာဖတ်သူတစ်ဦး

အမေရိကန်အစိုးရက ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေး ဆိုတာတွေကို ခုတုံးလုပ်အသုံးချနေတာဟာ တစ်ဖက်က ကိုလိုနီနယ်ချဲ့လက်သစ်ဘီလူးရုပ်ကိုဖုံးအုပ်ဖို့ မင်းသားခေါင်းဆောင်းပြီး ဟန်ရေးပြနေတာသာဖြစ်တယ်လို့ ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက နောကျေအောင် သိနေကြပြီဖြစ်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေး စစ်ပွဲဆင်နွှဲပြီး အမျိုးသားသစ္စာဖောက် လူတွင်ကျယ်တတ်ယောင်ကားတွေကို တပည့်မွေး၊ ဆရာကြီးလုပ်နေတာ သိသာထင်ရှားလွန်းပါတယ်။

အမေရိကန်နဲ့ အပေါင်းပါတွေ ကျူးကျော်စစ်ဆင်နွှဲခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံမှာ အမေရိကန်ရဲ့မူဝါဒကို ယုံကြည်သက်ဝင်လာစေဖို့နဲ့ လက်ဝေခံ၊ သြဇာခံတွေ ပြန့်ပွားလာစေဖို့အတွက် ဝါဒဖြန့်ချိရေးလုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ပင်တဂွန်စစ်ဌာနချုပ်က အီရတ်နိုင်ငံအတွင်း ထုတ်ဝေနေတဲ့ သတင်းစာတွေမှာ အမေရိကန်ဝါဒဖြန့် သတင်းဆောင်းပါးတွေ ထည့်သွင်းနိုင်ဖို့အတွက် ဆွန်နီဘာသာရေးပညာရှင်တွေကို လာဘ်ထိုးပြီး စည်းရုံးသိမ်းသွင်းခဲ့တယ်လို့ ဆိုပါတယ်။ "အီရတ်ပြည်သူတွေအပေါ်မှာ လွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်တွေကို တပည့်မွေးထားနိုင်ရင် အီရတ်ပြည်သူတွေကိုပါ အသာလေး အိတ်ကပ်ထဲထည့်ထားနိုင်ပြီလို့ ဆိုနိုင်ပါတယ်"လို့ ပင်တဂွန်စစ်ဌာနချုပ် အမှုထမ်းတစ်ဦးက The New York Timesသတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

စစ်အေးကာလတုန်းက အမေရိကန်အစိုးရအဆက်ဆက်ရဲ့ မီဒီယာကျူးကျော်စစ်ပွဲ ဆင်နွှဲမှုကို CIA က တာဝန်ခံလုပ်ဆောင်ခဲ့ပြီး နိုင်ငံအသီးသီးရဲ့ စာနယ်ဇင်းတွေမှာ အမေရိကန်ရဲ့ လူနေမှုစနစ်ကို အဲဒီနိုင်ငံက ပြည်သူတွေ သဘောကျလက်ခံလာအောင် ငွေကြေးပုံအောပြီး ထည့်သွင်းဖော်ပြခဲ့ပါတယ်။ အခု အီရတ်မှာလည်း အမေရိကန်တွေကို ကယ်တင်ရှင်ကြီးတွေသဖွယ် ယုံကြည်လက်ခံလာအောင် ပင်တဂွန်က ငွေလမ်းခင်းပြီးလုပ်ဆောင်နေတယ်လို့ ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။

ဒါဟာ ကမ္ဘာ့ပြည်သူများအကြားမှာ ရပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အမေရိကန်ရဲ့ပုံရိပ် ကြမ်းပိုးကိုလိပ်ဖြစ်အောင် လုပ်ကြံဖန်တီးနေတာပါပဲ။ ဒါပေမယ့် ရှေ့ကဖုံး၊ နောက်ကပေါ်ဆိုသလိုပဲ အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က အီရတ်မီဒီယာတွေကို လာဘ်ထိုးပြီး သတင်းမှန်နဲ့ သတင်းမှားတွေ ရောထွေးဖော်ပြနေတာ၊ အမေရိကန်နိုင်ငံအတွင်းမှာ ဆက်သွယ်ရေးလုပ်ငန်းစနစ်တွေကို ဥပဒေမဲ့ကြားဖြတ်ခိုးယူ နားထောင်နေတာ၊ အကျဉ်းစခန်းတွေမှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေတာတွေဟာ ကမ္ဘာ့မီဒီယာလောကမှာ ပေါလောကြီး ပေါ်လျက်ရှိနေပါတယ်။

အခုလည်း အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနက ၂၀၀၅ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ထုတ်ပြန်ပြီး ကိုယ့်ကိုယ်ကိုယ်ဖော်မသူတော် လုပ်လိုက်ပြန်ပါတယ်။ သူများကို လက်ညှိုးတစ်ချောင်းထိုးရင် ကျန်တဲ့လက်ချောင်းလေးချောင်းက မိမိဘက်ကို ပြန်လှည့်တတ်တယ်ဆိုတဲ့အတိုင်းပဲ အမေရိကန်နိုင်ငံရဲ့ ဆိုးဝါးတဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေကို ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ မီဒီယာတွေက ပြန်လည်ချေပ ဖော်ပြနေကြပါပြီ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ၁၉၉၀ ပြည့်နှစ် ကာလကတည်းက **"အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအပေါ် တာဝန်မဲ့မှတ်ချက်များ ချပိုင်ခွင့်မရှိ၊ လူ့အခွင့်အရေးကိုဗန်းပြပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေမှုများကို ရပ်တန့်ကရပ်သင့်ပြီ။ လူ့အခွင့်အရေးဗန်းပြပြီး အခြားသောနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုကို ပြတ်ပြတ်သားသား ဆန့်ကျင်သည်"လို့** တုံ့ပြန်ပြောကြားခဲ့ပါတယ်။

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်ကလည်း "အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများ၏ အခြေခံလူ့အခွင့်အရေးများကို အမြဲတမ်းချိုးဖောက်လျက်ရှိသည်။ မလေးရှားနိုင်ငံက ခံယူသော လူ့အခွင့်အရေးဆိုသည်မှာ လူအများစုကြီး၏ အခွင့်အရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်"လို့ တုံ့ပြန်ဝေဖန်ခဲ့ပါတယ်။

ဒီနေရာမှာ ယနေ့မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ကို ဦးစီးဦးဆောင် အကောင်အထည်ဖော်ပေးနေတဲ့ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့စပ်လျဉ်းပြီး ထားရှိတဲ့မူဝါဒတွေကိုလည်း လေ့လာသိရှိသမျှ ဖော်ပြလိုပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံမှာ ကျင့်သုံးဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးစံနှုန်းတွေနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း အမှာစကားများ ပြောကြားထားပါတယ်–

* **အနောက်နိုင်ငံများ၏ လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီစံနှုန်းများသည် မိမိတို့အာရှနိုင်ငံများ၏ စံနှုန်းနှင့်မတူညီကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ဓလေ့စရိုက်အရ မိမိတို့နှင့်ကိုက်ညီသည့် လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊**
* **တိုင်းရင်းသားပြည်သူများ၏ စားရေး၊ ဝတ်ရေး၊ နေရေးစသည့် အခြေအနေအရပ်ရပ်ကို ဖြည့်ဆည်းမပေးနိုင်လျှင် ဆိုရှယ်လစ်စနစ်ပဲဖြစ်ဖြစ်၊ ဒီမိုကရေစီစနစ်ပဲဖြစ်ဖြစ် အောင်မြင်မှာမဟုတ်ကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနိုင်သည့်စနစ်သည်သာ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း၊**
* **ယနေ့ နိုင်ငံတကာအခြေအနေအရ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးကို အကြောင်းပြု၍ နိုင်ငံကြီးအချို့က နိုင်ငံငယ်များကို သြဇာလွှမ်းမိုးရန် ကြိုးစားနေကြောင်း၊ အရှေ့တိုင်းယဉ်ကျေးမှုနှင့် အနောက်တိုင်းယဉ်ကျေးမှုသည် မည်သို့မျှ မတူညီနိုင်သဖြင့် ကျင့်သုံးဆောင်ရွက်မှုပုံစံလည်း မတူညီနိုင်ကြောင်း၊ ယင်းသို့သော အခြေအနေ၌ မိမိတို့အနေဖြင့် အစစအရာရာ ကိုယ်ခံအားကောင်းအောင်၊ တိုင်းပြည်အားရှိအောင် ကြိုးစားရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံတိုးတက်ရေးအတွက် မိမိကိုယ်ကို အားကိုးရမှာဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းသည် အခြေခိုင်မာမှုရှိကြောင်း၊**
* **အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီဟူသည် တိုင်းပြည်၊ လူမျိုးစရိုက်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပြီး ပုံတူကူးချ၍ မရနိုင်ကြောင်း၊**
* **လူတွေ၏အသက်ရှင်နေထိုင်ရေးအတွက် စားဝတ်နေရေးသည် အခြေခံအကျဆုံး လူ့အခွင့်အရေးဟုခံယူကြောင်း၊ အခြေခံလူ့အခွင့်အရေးများပြည့်စုံပြီးသည့်နောက် အပေါ်ယံလူ့အခွင့်အရေးများကို ပြန်လည်တည်ဆောက်ပေးရန် အခက်အခဲမရှိကြောင်း၊**
* **မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုကို မြတ်နိုးခြင်းသည် အလွန်တန်ဖိုးရှိသည့် အရည်အသွေးတစ်ခုဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းဟု ဆိုသည်နှင့် ကိုယ့်ဒေသကို မြတ်နိုးတွယ်တာခြင်း၊ ကိုယ့်အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊ လူမျိုးဂုဏ်နှင့် ဇာတိဂုဏ်ကို အသက်ပေးကာကွယ်ခြင်းဟု အဓိပ္ပာယ်ရရှိကြောင်း၊ ဤအဓိပ္ပာယ် ရရှိကြောင်းကို မိမိတို့လူမျိုးများသည် ဘိုးဘွားလက်ထက်မှသည် သားစဉ်မြေးဆက် မပျက်မကွက် ထမ်းရွက်ခဲ့ပြီး သက်သေထူခဲ့ကြောင်း၊**
* **မိမိတို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အတိတ်ကာလက လက်တွေ့ကျင့်သုံးခဲ့ရာတွင် အခက်အခဲများ၊ အကျဉ်းအကျပ်များ အကြိမ်ကြိမ်တွေ့ကြုံခံစားခဲ့ရပြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိသည်က တစ်ကြောင်း၊ ပြည်သူများ၏ စီးပွားရေးဘဝ မဖွံ့ဖြိုးမတိုးတက်သည်ကတစ်ကြောင်း တို့ကြောင့် ပါလီမန်ဒီမိုကရေစီသည် မျှော်မှန်းသလို မအောင်မြင်ဘဲ ပြည်ထောင်စုပြိုကွဲလုဆဲဆဲအထိ အန္တရာယ်ကြီးမားခဲ့ကြောင်း၊**
* **အချို့သော အဆိုးမြင်ဝါဒီများ၊ နယ်ချဲ့အလိုတော်ရိများသည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးလက္ခဏာ ချို့တဲ့ရှားပါးနေသူများပီပီ အရာရာကို နိုင်ငံခြားအထင်ကြီး၊ နိုင်ငံခြားကို ဆရာတင်၊ နိုင်ငံခြားသြဇာခံချင်နေကြသူများလည်း ရှိကြောင်း၊**
* **မျက်မှောက်ကာလတွင် ခိုင်မာသည်ဆိုသည့် အချို့သော ပြည်ထောင်စုနိုင်ငံများ အချိန်တိုအတွင်း ဖရိုဖရဲပြိုကွဲသွားပြီး အသက်အိုးအိမ်များ၊ ယဉ်ကျေးမှုများပါ ဆုံးရှုံးရခြင်း၊ သေကြေအနာတရဖြစ်ရခြင်း၊ စီးပွားရေး၊ လူမှုရေးဘဝများ ချွတ်ချုံကျ ပျက်စီးသွားရခြင်းများကို သင်ခန်းစာယူကြရန် လိုကြောင်း၊**
* **နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ပြည်သူများ၏ အခြေခံအကျိုးစီးပွားဖြစ်သည့် အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့်တကွ စားဝတ်နေရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စသည့် လူ့အခွင့်အရေးများ အမှန်တကယ်ပြည့်စုံလာစေရန် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားရန်ကိုလည်း မျက်ခြည်ပြတ်မခံဘဲ တော်လှန်ရေးသတိဖြင့် စောင့်ကြည့်ပြီး အလစ်အငိုက်မခံရစေရန် အမြဲတမ်း နိုးနိုးကြားကြား စည်းစည်းလုံးလုံးနေကြရန် လိုအပ်ကြောင်း**

အထက်ဖော်ပြပါလမ်းညွှန်မှာကြားချက်တွေဟာ ယနေ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့လူ့အခွင့်အရေးဖော်ဆောင်ပေးနေမှုတွေရဲ့ အနှစ်သာရဖြစ်သလို နိုင်ငံတော်ရဲ့ မူဝါဒတွေဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)အနေနဲ့ အဲဒီမူဝါဒတွေအကောင်အထည်ပေါ်အောင် ဘယ်လိုကြိုးပမ်းဆောင်ရွက်ပေးနေသလဲဆိုတာကို နောက်ဆောင်းပါးတွေမှာ အကျယ်တဝင့် လေ့လာဖော်ပြသွားမှာဖြစ်ပါတယ်။

ယနေ့ တိုင်းရင်းသားပြည်သူတွေရဲ့ တာဝန်တစ်ရပ်ကတော့ ဖြစ်ပျက်ပြောင်းလဲနေတဲ့ နိုင်ငံတကာရေးရာအခြေအနေနဲ့ မိမိတို့ရဲ့ ပြည်တွင်းရေးရာအခြေအနေအရပ်ရပ်ကို မှန်ကန်စွာသုံးသပ်ဆင်ခြင်ပြီး မိမိတို့နိုင်ငံတော် အဓွန့်ရှည်ရေးနဲ့ ပြည်သူများရဲ့ဘဝသာယာဝပြောရေးကိုရှေးရှုကာ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် အမြင့်မားဆုံးထွန်းကားပြန့်ပွားနေအောင် မွေးမြူသွားကြဖို့ပါပဲ။

ပိုပြီးထင်သာမြင်သာရှိအောင် မကြာခင်ကလေ့လာဖတ်ရှုလိုက်ရတဲ့ သတင်းစာဆရာ စာရေးဆရာလူထုဦးစိန်ဝင်းရဲ့"စာနယ်ဇင်းနဲ့တာဝန်သိမှု" ဆောင်းပါးမှ ကောက်နုတ်ဖော်ပြလိုပါတယ်။ ၂၃-၂-၂၀၀၆ ရက်နေ့ထုတ် NEWS WATCHဂျာနယ်မှာ ဆရာလူထုဦးစိန်ဝင်းက အခုလိုရေးသားဖော်ပြထားတာ ဖြစ်ပါတယ်။

"ယနေ့ကမ္ဘာတစ်ခုလုံးမှာ လွတ်လပ်ခွင့်ဆိုတဲ့ စကားတစ်လုံး တော်တော်တွင်ကျယ်နေပါတယ်။ အရှေ့တိုင်း လူ့အဖွဲ့အစည်းနဲ့ အနောက်တိုင်းလူ့အဖွဲ့အစည်းတို့အကြားမှာ ကွဲပြားခြားနားမှုတွေ အများကြီး ရှိပါတယ်။ ဓလေ့ထုံးစံတွေ ကွဲပြားကြတယ်၊ ယဉ်ကျေးမှုတွေ ကွဲပြားကြတယ်၊ နေထိုင်စားသောက်မှုပုံစံတွေ ကွဲပြားကြတယ်၊ ယုံကြည်မှု အဘိဓမ္မာတွေ ကွဲပြားကြတယ်၊ အဲဒီလို မတူညီမှုတွေကို လျစ်လျူရှုပြီး တန်ဖိုးထားမှုစံနှုန်း တစ်မျိုးတည်းသတ်မှတ်လို့ မရပါဘူး။ မတူညီမှုတွေကိုလည်း လေးစားကြရမှာဖြစ်တယ်"

"အနိမ့်ဆုံးဥပမာတစ်ခုအဖြစ် မိသားစုပုံစံကိုပဲ လက်ညှိုးထိုးပြချင်တယ်။ အနောက်တိုင်းမိသားစုပုံစံက တစ်ဦးချင်းလွတ်လပ်ခွင့်နဲ့ တစ်ဦးချင်းတိုးတက်ခွင့် (Individual Freedom and Individual Wellbeing) ကို အဓိကထားတယ်။ အရှေ့တိုင်းမိသားစုပုံစံက တစ်ဦးချင်းအရေးထက်မိသားစုတစ်ခုလုံးအရေးကို အဓိကထား ဦးစားပေးပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုလုံးထက် ပုဂ္ဂလိကတစ်ဦးချင်းကို ဦးစားပေးလွန်းတဲ့ အနောက်တိုင်းလူ့အဖွဲ့အစည်းတွေမှာ ဆယ်ကျော်သက်ရွယ် ကိုယ်ဝန်ဆောင်မှုနှုန်းတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာတာ၊ အလယ်တန်းလောက်တောင် ပြီးဆုံးအောင် ပညာမသင်နိုင်တော့ဘဲ ကလေးအမေဖြစ်ပြီး လမ်းပေါ်က အလုပ်လက်မဲ့ဘဝရောက်သွားတာ၊ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကြီးတွေ ကြောက်ခမန်းလိလိများနေတာ စတဲ့အချက်တွေကိုကြည့်ပြီး အနောက်တိုင်းလူနေမှုစနစ်က ပိုပြီးကောင်းတယ်လို့ မဆိုနိုင်ပါဘူး"

"လွတ်လပ်ခွင့်ဆိုတာ ထင်ရာစိုင်းခွင့်လိုင်စင် မဟုတ်ပါဘူး၊ လွတ်လပ်ခွင့်နဲ့ တာဝန်ယူမှုဟာ ဒွန်တွဲနေပါတယ်။ တကယ်တမ်းပြောကြမယ်ဆိုရင် ရာခိုင်နှုန်းပြည့် လွတ်လပ်ခွင့်ဆိုတာ ဘယ်မှာမှ မရှိပါဘူး၊ အနောက်တိုင်းနိုင်ငံ သတင်းစာကြီးတွေမှာလည်း သူတို့သတင်းစာကြီးတွေကိုပိုင်တဲ့ ကော်ပိုရေးရှင်းကြီးများရဲ့ ပိုင်ရှင်များက ချမှတ်ပေးတဲ့ဘောင်ထဲက လွတ်လပ်ခွင့်မျှသာဖြစ်ပါတယ်။ လောလောဆယ် အမေရိကန်သမ္မတ ဂျော့ဘုရှ်က စာတိုက်ကစာတွေ ဖောက်ဖတ်စစ်ဆေးခွင့်၊ တယ်လီဖုန်းလိုင်းတွေ ကြားဖြတ်ခိုးနားထောင်ခွင့်ဟာ မရှိမဖြစ်လိုအပ်နေတယ်လို့ ပြောဆိုနေတာကို ကြည့်ခြင်းအားဖြင့် ရာနှုန်းပြည့်လွတ်လပ်ခွင့်မရှိနိုင်ဘူးဆိုတာ သိနိုင်ပါတယ်" လို့ ရေးသားဖော်ပြထားပါတယ်။ ။

အမေရိကန်အစိုးရက ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေး ဆိုတာတွေကို ခုတုံးလုပ်အသုံးချနေတာဟာ တစ်ဖက်က ကိုလိုနီနယ်ချဲ့လက်သစ်ဘီလူးရုပ်ကိုဖုံးအုပ်ဖို့ မင်းသားခေါင်းဆောင်းပြီး ဟန်ရေးပြနေတာသာဖြစ်တယ်လို့ ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက နောကျေအောင် သိနေကြပြီဖြစ်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲဆင်နွှဲပြီး အမျိုးသားသစ္စာဖောက် လူတွင်ကျယ် တတ်ယောင်ကားတွေကို တပည့်မွေး၊ ဆရာကြီး လုပ်နေတာ သိသာထင်ရှားလွန်းပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်လမ်းရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သမဝါယမဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အမွှေးနံ့သာများ ပက်ဖျန်းပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ ဘဏ်များအသင်း ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်း တံခါးနှင့် ရန်ကုန်-သန်လျင်တံတား အမှတ်(၂)စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်း ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါး အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်မျက်ရတနာပြပွဲ ကျောက်မျက်အတွဲပေါင်း ၅၁ တွဲ ရောင်းချရ

ရန်ကုန် မတ် ၁၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာပြီး ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

(၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီမှ စတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကျောက်မျက်အတွဲပေါင်း ၅၁ တွဲ ရောင်းချခဲ့ရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▼

ကြေးမုံ The Mirror

၂၀-၃-၂၀၀၆ (တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက် ပြည်သူတစ်ရပ်လုံး အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့နှင့် ဆက်စပ်ပေါ်ပေါက်လာသည့် မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားအားလုံးကို အန္တရာယ်ပြုလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင်ကာ စီမံကိန်းနှစ်အလိုက် အဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ဘိန်းစိုက်ပျိုးမှု တားဆီးရေးဆိုင်ရာ ပန်းတိုင်သစ်စီမံကိန်းကိုလည်း ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းမည်း၊ ဘိန်းဖြူထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ ကျဆင်းသွားကြောင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာက အသိအမှတ်ပြုထားပြီး ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများ၏ အင်တိုက်အားတိုက်ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးများအား ရှာဖွေဖမ်းဆီးဖျက်ဆီးခြင်း၊ သယ်ဆောင်ရောင်းဝယ်သူများ၊ သုံးစွဲသူများအား တရားစွဲဆို ပြစ်ဒဏ်ချမှတ်ခြင်းစသည့် နည်းလမ်းများကို ကျင့်သုံးလျက် ရှိသည်။ အခြားတစ်ဖက်မှလည်း ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေရေးအတွက် ဘိန်းစိုက်ပျိုးလေ့ရှိတတ်သည့် နယ်မြေဒေသများတွင် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားလာရေးအတွက် ဘိန်းအစားအခြားသီးနှံများ စိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီသော တိရစ္ဆာန်များ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးတို့အတွက် ထူထောင်အားပေးလျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို စီမံကိန်းကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ ပထမငါးနှစ်တာကာလအတွင်း အောင်မြင်မှုရရှိခဲ့သည်။ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်း ဒုတိယငါးနှစ်တာကာလ အတွင်းတွင်လည်း မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များက စီမံကိန်းလုပ်ငန်းများကို ပြည်သူတို့၏ ပူးပေါင်းကူညီမှုဖြင့် ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အလေးထားဆောင်ရွက် လျက်ရှိသကဲ့သို့ ဌာနဆိုင်ရာများ၊ မီဒီယာများ စနစ်တကျပူးပေါင်းပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ အန္တရာယ်ဆိုးကျိုးများကို ပြည်သူများအတွင်း ပိုမိုသိရှိလာရေး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးကြ ရမည်ဖြစ်သည်။

အထူးသဖြင့် လူငယ်များအတွင်း စိတ်ကြွရူးသွပ်ဆေးပြားများအပါအဝင် မူးယစ်ဆေးဝါးများ သုံးစွဲမှုမပြုစေရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် တားဆီးကြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးကို လူငယ်များ စမ်းသပ်အသုံးမပြုစေရေး၊ သုံးစွဲရန် အလားအလာရှိသူများအား မူးယစ်ဆေးဝါးသုံးစွဲနေသည့် ပတ်ဝန်းကျင်မှ ရှန်းထွက်နိုင်ရေးနှင့် သုံးစွဲနေသူများအား မူးယစ်ဆေးဝါး၏ဆိုးကျိုးများ သိမြင်နိုင်စေရေး အသိပညာပေးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် နီးနွယ်လျက်ရှိသည့် လူမှုပတ်ဝန်းကျင် တစ်ခုလုံးအတွက် ဆိုးကျိုးကိုဖြစ်စေသော မူးယစ်ဆေးဝါး အန္တရာယ်ကို စနစ်တကျ တားဆီးတိုက်ဖျက်လျက်ရှိရာတွင် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ အရှိန်အဟုန်မြှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်တွင် ၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲအား ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ပြခန်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အခမဲ့ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၁၉

ဗဟန်းမြို့နယ် ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံတွင် ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်က မတ် ၂၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် မူလတန်းကလေးတရားပွဲနှင့် မတ် ၂၅ရက်(စနေနေ့)တွင် အလယ်တန်းကလေး တရားပွဲများကို ည ၆ နာရီမှစတင်၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တရုတ်သတင်းစာအဖွဲ့အား ညစာတည်ခင်း

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)သည် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာ ဆရာများအသင်း ဥက္ကဋ္ဌ H.E.Mr. Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ည ၆နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာ စားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မိတ်ဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့တို့သည် တစ်ဦးချင်း အပြန်အလှန် မိတ်ဆက်ကြသည်။

နှုတ်ခွန်းဆက်စကား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze တို့သည် အပြန်အလှန် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲအပြီးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများ အသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌ H.E. Mr. Shao Huaze အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆)

(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်)

မဟာစည်သတိပဋ္ဌာန် သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ၉/တောင်ရပ်ကွက် သဒ္ဓမ္မမဏ္ဍိုင် ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာစည် သတိပဋ္ဌာန် ဝိပဿနာသင်္ကြန် ၁၀ရက်တရားစခန်းကို ဧပြီ ၇ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများသည် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ပစ္စယာနုဂ္ဂဟအဖွဲ့ ဖုန်း-၅၇၁၁၃၄ သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

✻ နိုင်ငံတော်မှ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံဘဏ်များအသင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာနိုင်ငံဘဏ်များအသင်း ကမ္ဘည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ဘည်းမော်ကွန်း ကြေးပြားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

အမှာစကားပြောကြား

ယင်းနောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို အဆောက်အအုံသစ် ပထမထပ်ရှိ ဇမ္ဗူရာဇ်ရွှေစင်ခန်း၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တည်ငြိမ်ခိုင်မာရေးအတွက် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်ရန် ကြီးကြပ်စိစစ်ရေးအဖွဲ့နှင့် ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများ ချမှတ်ထိန်းကျောင်းမှု (Bank Regulation) တို့ကို ပိုပြီးအလေးထား ဆောင်ရွက်နေကြောင်း။

ရည်ရွယ်ချက်များ

နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေး၊ ဖွဲ့စည်းပြီးသည့် စက်မှုဇုန်များ ပီပြင်စွာ တိုးတက်ဖြစ်ပေါ်ရေးစသော ရည်ရွယ်ချက်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးကို ဖြည့်ဆည်းပေးရေးနှင့် ငွေကြေးဝန်ဆောင်မှုပေးရေးကို ဘဏ်လုပ်ငန်းကဏ္ဍမှ အဓိက ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ပြည်တွင်းပြည်ပမှာ မြန်မာကျပ်ငွေတန်ဖိုး ပိုမိုခိုင်မာတည်တံ့ရေးအတွက် ဘဏ်များအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ဘဏ်တစ်ခုနှင့်တစ်ခု ကူညီရိုင်းပင်းရေးနှင့် ဘဏ်များ၏အကျိုးကို ပံ့ပိုးဆောင်ရွက်ပေးရေးတို့အတွက် ဦးဆောင်မှုပေးရန်၊ ပြည်သူများ ဘဏ်ကို အားထားအသုံးပြုသည့် အလေ့အထ ပြုစုပျိုးထောင်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံဘဏ်များအသင်းကို ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းကြီး၏သက်တမ်း ခုနစ်နှစ်ကြာမှ ဘဏ်များအသင်း အဆောက်အအုံကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာလည်း ဘဏ်များစည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း၏ သာဓကတစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးဖြည့်ဆည်းပေးမှုသည် အဓိကအရေးကြီးသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ယင်းသို့ အဓိကကျသည့်အတွက်လည်း ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှု (Financial Sector Stability) ရှိရန် အဓိကလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက အနီးကပ်ကြီးကြပ် လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ငွေကြေးတည်ငြိမ်မှု ထိန်းကျောင်းခြင်းအပြင်ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးအတွက် ဗဟိုဘဏ်၏ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ...

အရည်အချင်းမြှင့်တင်

ယခုဆိုလျှင် ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်းတို့ ပူးတွဲပြီး လစဉ် အမှုဆောင်အဖွဲ့အစည်းအဝေးကို ကျင်းပခဲ့သည်မှာ (၇၉)ကြိမ်မြောက် ရှိသွားပြီဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းစနစ်ကြီးကို အမီလိုက်နိုင်ရန် ဘဏ်ဝန်ထမ်းများ၏ အရည်အသွေးနှင့် အရည်အချင်းပါ မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဘဏ်များကြီးကြပ်ရေးကော်မတီမှ ကြီးမှူးပြီး အထွေထွေဘဏ်လုပ်ငန်းသင်တန်းကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ယင်းသင်တန်းများမှာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ ထပ်လောင်းရရှိစေရန်အတွက် ဆွေးနွေးပွဲများကိုပါ ပူးတွဲကျင်းပပေးခဲ့ကြောင်း။

ဘဏ်များအနေဖြင့် ပြည်သူလူထုကို ငွေကြေးဝန်ဆောင်မှုပေးနေကြကြောင်း၊ ယင်းသို့ ဝန်ဆောင်မှုများပေးရာတွင် နိုင်ငံတော်က ပြဋ္ဌာန်းထုတ်ပြန်ထားသည့် ဘဏ်လုပ်ငန်းတွင် ငွေရေးကြေးရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေတ်မီတိုးတက်သည့် ဘဏ်လုပ်ငန်းစနစ်များနှင့် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတွင်လည်း တိုးတက်မှုရရှိစေရန် တစ်ဘဏ်နှင့်တစ်ဘဏ် မှန်ကန်သည့် ယှဉ်ပြိုင်မှုများဖြင့်သာ ပြည်သူလူထု၏ ဘဏ်လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုကြောင်း၊ မမှန်မကန် နည်းလမ်းမကျသည့် ယှဉ်ပြိုင်မှုသည် ဘဏ်လုပ်ငန်းကဏ္ဍကို ထိခိုက်စေ နိုင်သည်ကို ဂရုပြုကြရန်ကို မမေ့လျော့ကြစေရန်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတကာနည်းတူ တရားမဝင်နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် အကြမ်းဖက်လုပ်ငန်းများအတွက် ငွေကြေး အထောက်အပံ့ပေးမှု ထိန်းချုပ်ရေးဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရန်ကို ထပ်မံပြောကြားတိုက်တွန်းလိုကြောင်း၊ ထို့အပြင် ရလမ်းမရှိနှင့် ရရန်မသေချာသည့် ကြွေးမြီ NON- Performing Loans (NPLs) များ ကြီးထွားလာသည့်ပြဿနာမျိုး ရှောင်ရှားနိုင်ရန်အတွက် ဘဏ်ချေးငွေ ထုတ်ချေးရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ထုတ်ချေးမှုရှိမရှိကို အဆင့်ဆင့် ထိရောက်စွာ ကြပ်မတ်စစ်ဆေးသွားကြရန်၊ ကြွေးဆုံးများနှင့် ရလမ်းမသေချာသည့် ကြွေးမြီများအတွက် အထွေထွေလျာထားမှုများ ထားရှိရန်လည်း လွန်စွာအရေးကြီးကြောင်း။

မြန်မာနိုင်ငံဘဏ်များ အသင်းဝင်ဖြစ်သည့် ဘဏ်များအနေနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နိုင်ကြရန် ကြိုးစားကြစေလိုကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နောင်တစ်နေ့တွင် စီးပွားရေးဇုန်များဖြစ်သည့် အထူးစီးပွားရေးဇုန်၊ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်၊ စက်မှုအထူးဇုန်များ ဖွင့်လှစ်ဆောင်ရွက်သည့်အခါမှာလည်း ဘဏ်လုပ်ငန်းမှာ ပိုမိုအရေးပါမှာဖြစ်သည့်အတွက်ကြောင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များကလည်း ဘဏ်ဝန်ဆောင်မှုလုပ်ငန်းမှာ ယှဉ်ပြိုင်မှုစွမ်းအားအပြည့်ဖြင့် မိမိ၏အခန်းကဏ္ဍလျော့ကျမသွားစေအောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားလိုကြောင်း။

သို့မှသာ ဘဏ်နှင့်ဆက်သွယ်လာကြသည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဘဏ်ဝန်ဆောင်မှုမှတစ်ဆင့် စိတ်ချမ်းသာမှုပေးနိုင်အောင် ကြိုးပမ်းရမှာ ဖြစ်သကဲ့သို့ စည်းကမ်းတကျ၊ မှန်မှန်ကန်ကန်၊ လုပ်ငန်းဆောင်ရွက်ကြမှသာ မြန်မာနိုင်ငံတော်၏ ဘဏ်လုပ်ငန်းကဏ္ဍ အောင်မြင်ဖြစ်ထွန်းပြီး ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာမှာ အရေးပါသော အခန်းကဏ္ဍမှ ထိရောက်စွာ ပါဝင်ဆောင်ရွက်ရာလည်း ရောက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျင်ဟိုင်း–တိဘက်ရထားလမ်း တိုးချဲ့ဖောက်လုပ်မည် ရထားခရီးစဉ်များကို ဇူလိုင်လတွင် စတင်မည်

ကျင်ဟိုင်း မတ် ၁၈

တရုတ်နိုင်ငံ တိဘက်ဒေသရှိ ကျင်ဟိုင်း–တိဘက်ရထားလမ်းကို တိဘက်မြို့တော် လာဆာမှသည် ယင်းဒေသ၏ အနောက်တောင်ပိုင်းရှိ ကျီကြွေးမြို့အထိ တိုးချဲ့ဖောက်လုပ်သွားရန်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက မတ် ၁၅ရက်တွင် ပြောကြားသည်။

သဘာဝအလှအပ တောတောင်ရေမြေတို့ကို ကြည့်ရှုခံစားရင်း ခရီးသွားလာနိုင်သည့် ကျင်ဟိုင်း–တိဘက် ရထားခရီးစဉ်များကို ဇူလိုင်လတွင် စတင်တော့မည်ဖြစ်သည်။

လာဆာမြို့မှသည် ကျီကြွေးမြို့အထိ ရထားလမ်းတိုးချဲ့ဖောက်လုပ်မှု လုပ်ငန်းကို အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၀၆–၂၀၁၀)ကာလအတွင်း အပြီးဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရကြောင်း တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအကြီးအကဲ ကျင်ဘာပန်ကောက ပြောကြားသည်။

စီမံကိန်း

၁၁၄၂ ကီလိုမီတာ ရှည်လျားသော ကျင်ဟိုင်း–တိဘက် ရထားလမ်းသည် တိဘက်ကုန်းမြင့်ဒေသကို သွယ်တန်းထားကာ မြေလိမ်မြွေကောက် သဖွယ်တည်ရှိနေသည်။ ကျင်ဟိုင်း–တိဘက် ရထားလမ်းသည် တိဘက်ဒေသကို တရုတ်နိုင်ငံ၏ အခြားသော ဒေသများနှင့် ဆက်စပ်ပေးနိုင်အောင် ပြုလုပ်ခဲ့သော ပထမဆုံးပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းတစ်ရပ်လည်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်လျက် လာမည့်ဇူလိုင်လတွင် မြို့တော်ပေကျင်းမှ တိဘက်ဒေသသို့ ဆက်သွယ်ထားသော ရထားခရီးစဉ်များကို ကမ္ဘာလှည့်ခရီးသည်များအတွက် သီးသန့်ဖွင့်လှစ်ပေးရန်လည်း စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နော်ဝေတပ်ဖွဲ့ဝင်နှစ်ဦး စစ်ရေးလေ့ကျင့်စဉ် သေဆုံး

စတော့ဟုမ်း မတ် ၁၈

နော်ဝေးတပ်ဖွဲ့ဝင်များသည် စစ်ရေးလေ့ကျင့်မှုပြုလုပ်နေစဉ်အတွင်း ၎င်းတို့စီးနင်းလိုက်ပါလာသည့် တင့်ကားတစ်စီး ရေခဲပြင်ပေါ် မောင်းနှင်လာရာ နော်လန်ဒေသ အနောက်ပိုင်းရှိ ရေကန်အတွင်း ကြာသပတေးနေ့ညနေက နစ်မြုပ်ခဲ့ကြောင်း နော်ဝေအသံလွှင့်ဌာန (အင်အာကေ) က သောကြာနေ့တွင် သတင်းဖော်ပြသည်။

နော်ဝေတပ်ဖွဲ့မှ တင့်ကားတစ်စီးသည် ရေခဲပြင်ပေါ်မောင်းနှင်လာရာမှ ရေကန်အတွင်းသို့ စက္ကန့်ပိုင်းအတွင်း နစ်မြုပ်သွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ပြီး ဒုတိယမြောက်တပ်ဖွဲ့ဝင်သည် ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ထရွမ်ဆိုဆေးရုံသို့ တင်ပို့ရာမှ သောကြာနေ့တွင် သေဆုံးခဲ့ကြောင်း၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဒဏ်ရာမရဘဲ လွတ်မြောက်ကြောင်း အင်အာကေက ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံ မာလူကူးကျွန်းတွင် မကြာမီက လှုပ်ခဲ့သော မြေငလျင် အခြေအနေကို အင်ဒိုနီးရှား မြေငလျင်ပညာရှင်များ မတ် ၁၈ရက်က လေ့လာနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကန်မရိန်းတပ်ဖွဲ့ ပြောင်းရွှေ့ရေးအစီအစဉ်ရုပ်သိမ်းရန် အီဝါကူနီမြို့တော်ဝန် တောင်းဆို

တိုကျို မတ် ၁၈

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်း ရွှေ့ပြောင်းမှုနှင့်ပတ်သက်၍ ဒေသခံမဲဆန္ဒရှင်များက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြုလုပ်သည့် ဆန္ဒခံယူပွဲတွင် တစ်ခဲနက်ကန့်ကွက် အဆိုပြုခဲ့ပြီးနောက် အီဝါကူနီမြို့တော်ဝန်က အဆိုပါအစီအစဉ်ကို ပြန်လည်ရုပ်သိမ်းရန် ကြာသပတေးနေ့တွင် တောင်းဆိုလိုက်သည်။

အီဝါကူနီအစီအစဉ်သည် အမေရိကန်နှင့် ဂျပန်တို့ အောက်တိုဘာလအတွင်းက ချုပ်ဆိုထားခဲ့သည့် သဘောတူညီချက်တွင်ပါဝင်ပြီး ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ နီးပါးကို ယင်းနေရာသို့ ရွှေ့ပြောင်းစေမည့် အစီအစဉ်ဖြစ်သည်။

အီဝါကူနီမှ အတိုက်အခံများနှင့် အခြားဂျပန်အသိုက်အဝန်းများက ယင်းဒေသတွင် အသံဗလံ ဆူညံလာနိုင်မည့် အခြေအနေ၊မတော်တဆဖြစ်ပွားမှုများနှင့် အမေရိကန် အခြေစိုက်စခန်းနှင့် ဆက်နွှယ်သည့်ပြစ်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်မကင်းဖြစ်နေကြသည်။

ဒေသခံအများစုက ယင်းအစီအစဉ်ကို ပယ်ချကြကြောင်း၊ ပြည်သူလူထုက ယင်းအစီအစဉ်အပေါ် လေးလေးနက်နက် ချင့်ချိန်နေကြကြောင်း အီဝါကူနီမြို့တော်ဝန်ဖြစ်သူ အီဟာရာက သတင်းထောက်များကို ပြောကြားသည်။

အမေရိကန်မရိန်းတပ်ဖွဲ့ အခြေစိုက်စခန်း၏ လုပ်ငန်းဆောင်တာများ ခိုင်မာတောင့်တင်းစေမည့် အစီအစဉ်အပေါ် မိမိတို့ လက်မခံနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းအစီအစဉ်ရုပ်သိမ်းရန်သာ လိုလားမှုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



မတ် ၃၀ရက်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ သွားရောက်မည့် ပထမဆုံးသော ဘရာဇီး အာကာသယာဉ်မှူး မားကို့စ်ပွန်ရေးကို မတ် ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်စစ်ပွဲအတွင်း မီဒီယာသမား ၆၇ဦး သေဆုံးခဲ့

နယူးယောက် မတ် ၁၈

သတ်ဖြတ်ခံရမှုကြောင့် သေဆုံးခဲ့သည့် သတင်းစာဆရာဦးရေသည် အီရတ်စစ်ပွဲတွင် သေဆုံးခဲ့သည့် သတင်းစာဆရာဦးရေထက် ပိုမိုများပြားနေကြောင်း သတင်းစာဆရာ ကာကွယ်စောင့်ရှောက်ရေးကော်မတီ (စီပီဂျေ)က သောကြာနေ့ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် အပြန်အလှန်ပစ်ခတ်မှုနှင့် အခြားဖြစ်ရပ်များတွင် သေဆုံးခဲ့သည့် သတင်းစာဆရာ ဦးရေသည် အများဆုံးဟု ယခင်က ယူဆထားခဲ့ကြောင်း၊ သို့ရာတွင် ယခုအခါ အခြေအနေမှာ ပြောင်းလဲသွားပြီဖြစ်ကြောင်း စီပီဂျေက ဖော်ပြသည်။

လွန်ခဲ့သည့် ၁၀ ရက်အတွင်းက ဖြစ်ရပ်တစ်ခုတည်းမှာပင် ပြောက်ကျားများက အီရတ်သတင်းစာဆရာသုံးဦးနှင့် မီဒီယာအထောက်အကူပြု ဝန်ထမ်းတစ်ဦးတို့ကို သတ်ဖြတ်ခဲ့ကြောင်း၊ အီရတ် စစ်ပွဲစတင်ချိန် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက် နောက်ပိုင်းတွင် သေဆုံးခဲ့သည့် သတင်းစာဆရာဦးရေ ၆၇ဦးနှင့် မီဒီယာသတင်း အထောက်အကူပြု ဝန်ထမ်း ၂၄ ဦးရှိပြီဖြစ်ကြောင်း စီပီဂျေ အစီရင်ခံစာတွင် ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒ ကနေဒါအထက်လွှတ်တော်အမတ် ဝေဖန်

အော့တဝါ မတ် ၁၈

ကနေဒါနိုင်ငံမှ အထက်လွှတ်တော်အမတ်တစ်ဦးက အမေရိကန်အစိုးရ၏ နိုင်ငံခြားရေး မူဝါဒကို အပြင်းအထန်ဝေဖန်လိုက်ပြီး အမေရိကန်တပ်ဖွဲ့သည် အီရတ်ရှိ အပြစ်ကင်းမဲ့သည့် ပြည်သူများကို အစုလိုက် နေ့စဉ်သတ်ဖြတ်နေသည့် ရာဇဝတ်မှုကို ကျူးလွန်လျက်ရှိနေသည်ဟု စွပ်စွဲလိုက်ကြောင်း ဒေသခံသတင်းမီဒီယာက ဖော်ပြသည်။

ကနေဒါနိုင်ငံတွင် နှစ်စဉ်ဖျံဖမ်းဆီးသည့် ကောင်ရေသည် အီရတ်နိုင်ငံတွင် အပြစ်မဲ့ပြည်သူများကို အမေရိကန်တပ်ဖွဲ့ဝင်များက သတ်ဖြတ်သည့်ဦးရေနှင့် နှိုင်းယှဉ်ပါက လျော့နည်းနေသေးကြောင်း စသည်ဖြင့် ကနေဒါတွင် ဖျံဖမ်းဆီးမှု ဆန့်ကျင်ဆန္ဒပြသူ အမေရိကန်မိသားစုကို ကနေဒါအထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သူက တုံ့ပြန်ပြောကြားသည်။

ဖျံဖမ်းဆီးမှုသည် စက်ဆုပ်စရာကောင်းပြီး ကြင်နာမှုမရှိသည့်လုပ်ရပ်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ်မှ မက်လီလန်မိသားစုက ကနေဒါရှိ အထက်လွှတ်တော် အမတ်အားလုံးထံ စာရေးတိုင်ကြားခဲ့ရာ ဟာဘီပေယက်ဆိုသူ အထက်လွှတ်တော်အမတ်တစ်ဦးက တင်းမာစွာဖြင့် တုံ့ပြန်ပြောကြားပြီး အမေရိကန်များအနေဖြင့် မိမိ၏အစိုးရက အီရတ်တွင် ပါဝင်ပတ်သက်မှုနှင့် စပ်လျဉ်း၍ ပိုမို၍စိုးရိမ်မကင်းဖြစ်သင့်ကြောင်း ထပ်လောင်းပြောကြားသည်။

အီရတ်တွင် အပြစ်မဲ့ပြည်သူပြည်သားများကို အစုလိုက် နေ့စဉ်သတ်ဖြတ်နေမှု၊ အမေရိကန်အကျဉ်းစခန်းများတွင် အကျဉ်းသားများ အထူးသဖြင့် လူမည်းများကို သတ်ဖြတ်နေမှု၊ အမေရိကန်ပြည်သူလူထုသို့ သေနတ်များ ရောင်းချနေမှု၊ ကမ္ဘာတစ်ဝန်းတွင် မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်နေသည့် အမေရိကန်အစိုးရ၏ နိုင်ထက်စီးနင်းဆန်သည့် နိုင်ငံခြားရေးမူဝါဒ စသည်တို့သည် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ကျူးလွန်နေသည့် ပြစ်မှုများဟု ဟာဘီပေယက်က ထုတ်နုတ်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယ်သာလန်နိုင်ငံ ရေနန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မကြာမီက ဝင်ရိုးစွန်းဝက်ဝံ ပထမဆုံးအကြိမ် သားပေါက်ခဲ့ပြီးနောက် လသားအရွယ် ဝက်ဝံလေးများကို မိခင်ဝက်ဝံမကြီးနှင့်အတူ မတ် ၁၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီဂျစ်နိုင်ငံ လပ်ဇောမြို့ရှိ ဖာရိုဘုရင်များ၏ တောင်ကြားဒေသတွင် ဆေးရည်စိမ်ရုပ်အလောင်းများ ထားသိုရာအခန်းတစ်နေရာ၌ လေ့လာကြည့်ရှုနေကြသော ရှေးဟောင်းသုတေသနပညာရှင်များနှင့် ကမ္ဘာလှည့် ခရီးသည်များကို မတ် ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တီဘီတိုက်ဖျက်ရေး မဟာဗျူဟာသစ် ချမှတ်ဆောင်ရွက်

လန်ဒန် မတ် ၁၈

ကမ္ဘာ့အဝန်းတွင် ကူးစက်ပျံ့နှံ့လျက်ရှိပြီး နှစ်စဉ် လူပေါင်း ၁ ဒသမ ၇ သန်းကို သေစေသည့် တီဘီရောဂါကို တိုက်ဖျက်ရေးနှင့် စပ်ဆိုင်သော မဟာဗျူဟာအသစ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁၇ တွင် ထုတ်ဖော်အသိပေးခဲ့သည်။

လက်ရှိကျင့်သုံးနေသော တီဘီရောဂါ ကုသရေးအစီအစဉ်များကို ဆက်လက်ချဲ့ထွင် ဆောင်ရွက်ရေး၊ တီဘီရောဂါ ရှာဖွေဖော်ထုတ်ရေး နည်းနာများကို ကောင်းလာအောင် ဆောင်ရွက်ရေးနှင့် တီဘီနှင့်ယှဉ်တွဲ၍ ဖြစ်ပေါ် လာသော အိပ်ချ်အိုင်ဗွီရောဂါ တိုက်ဖျက်ရေးကို ယခုချမှတ်လိုက်သော မဟာဗျူဟာသစ်တွင် ထည့်သွင်းရေးဆွဲထားသည်။

ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု အခြေအနေနှင့် သေဆုံးမှုဦးရေကို ထက်ဝက်လျှော့ချရေးနှင့် လူပေါင်း ၁၄သန်းတို့၏ အသက်ကို ၂၀၁၅ ခုနှစ် အထိကာလအတွင်း ကယ်တင်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံ သုံးစွဲသွားမည့် အစီအစဉ်ကို စတင်လိုက်ပြီဖြစ်သည်။

အသစ်ပြဋ္ဌာန်းလိုက်သော တီဘီရောဂါ တိုက်ဖျက်ရေး မဟာဗျူဟာသစ်ကိုတီဘီရောဂါရပ်တန့်ရေးမဟာဗျူဟာဟူ၍ အမည်ပေးထားသည်။ ထိုမဟာဗျူဟာသစ်အရ ရောဂါတိုက်ဖျက်ရေးကိစ္စကို ပိုမိုအားကောင်းပြီး ထိရောက်သော အစီအမံများဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါတိုက်ဖျက်ရေးဌာန၏ ညွှန်ကြားရေးမှူး ဒေါက်တာမာရီအိုရာဗီဂလီရွန်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

Appleကွန်ပျူတာကုမ္ပဏီက နောက်ဆုံးတီထွင်ထုတ်လုပ်ထားသည့် သီချင်းဖွင့်စက်ကို မတ် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*



ကုလအကြီးအကဲရာထူးနေရာ ဘန်ကီမွန်းရရှိရေး နိုင်ဂျီးရီးယား ထောက်ခံရန် ဆွေးနွေး

ဆိုးလ် မတ် ၁၈

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ နေရာတွင် ဆက်ခံနိုင်မည့် ကိုယ်စားလှယ်လောင်း တစ်ဦးအဖြစ် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းအား အမည်စာရင်းတင်သွင်းထားမှုကို ထောက်ခံမှုရရှိလာစေရန် တောင်ကိုရီးယားနိုင်ငံက နိုင်ဂျီးရီးယားနိုင်ငံ၏ အကူအညီကို မျှော်လင့်ထားကြောင်း မတ် ၁၈ ရက် သတင်းတွင် ဖော်ပြသည်။

ကုလသမဂ္ဂအကြီးအကဲ ရာထူးနေရာတွက် ယှဉ်ပြိုင်လျက်ရှိကြသော အာရှတိုက်သားသုံးဦးအနက် တစ်ဦးမှာ ဘန်ကီမွန်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ နိုမူဟွန်းသည် မကြာမီက အာဖရိကသုံးနိုင်ငံသို့ သွားရောက်ခဲ့ရာတွင် တောင်ကိုရီးယားနိုင်ငံ၏ အမည်စာရင်းတင်သွင်းမှုကို နိုင်ဂျီးရီးယားနိုင်ငံက ထောက်ခံလာစေရန် ယင်းနိုင်ငံ၏ သမ္မတ အိုဘာဆန်ဂျိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ***အင်တာနက်။***

မျက်ကပ်မှန် သုံးစွဲသူများတွင် မျက်စိမှိုစွဲရောဂါ ကူးစက်မှုများပြား

စင်ကာပူ မတ် ၁၈

မကြာသေးမီက မျက်ကပ်မှန်သုံးစွဲသူများတွင် မျက်စိမှိုစွဲရောဂါကူးစက်မှုများပြားလာသည်ဟု စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားချက်ကို အာရှနယူးလိုင်းသတင်းဌာနက မတ် ၁၅ ရက်တွင် ဖော်ပြသည်။

စင်ကာပူ၌ လွန်ခဲ့သော ရက်သတ္တသုံးပတ်ကျော်က ထိုရောဂါဖြစ်ပွားသူ ၁၇ ဦးကျော်ရှိကြောင်း၊ စုစုပေါင်း ရောဂါဖြစ်ခဲ့သူ ပေါင်း ၅၆ဦးရှိပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ် ဒုတိယခြောက်လပတ်တွင် ထိုရောဂါ ကူးစက်မှု စတင်ဖြစ်ပွားခဲ့ကြောင်း၊ ဘတ်အင်လွမ်ကုမ္ပဏီမှ ရီနူးမျက်ကပ်မှန် သုံးစွဲသူများတွင် ထိုရောဂါကူးစက်မှု ဖြစ်ပွားကြောင်း ဝန်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြသည်။

အဆိုပါရောဂါကူးစက်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို ကျန်းမာရေးသိပ္ပံအာဏာပိုင်အဖွဲ့နှင့် ဘာချီအင်လွမ် ကုမ္ပဏီအမည်ရှိ အမေရိကန်နိုင်ငံမှမျက်စိဆေးဝါး ရောင်းချသော ကုမ္ပဏီတို့ ပူးပေါင်းစုံစမ်းလျက်ရှိကြောင်း ဝန်ကြီးဌာနက အလေးထားဖော်ပြသည်။

ယခုအထိ အဆိုပါ ရောဂါဖြစ်ပွားရခြင်းသည် ထိုဆေးရည်သုံးစွဲမှုကြောင့်ဟု တိကျစွာ မပြောဆိုနိုင်သေးပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ယူဂန္ဒာ၌ ထူးဆန်းသည့် ရောဂါဖြစ်ပွား

ကမ်ပါလာ မတ် ၁၈

ယူဂန္ဒာနိုင်ငံမြောက်ပိုင်း၌ ထူးဆန်းသည့်ရောဂါတစ်မျိုး ဖြစ်ပွားသဖြင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

အဆိုပါ ရောဂါမှာကာလဝမ်းရောဂါနှင့်ဆင်တူသည်။ ယင်းရောဂါကြောင့် မိုယိုခရိုင်မာဒူဂါ ကျေးရွာတွင် လူနှစ်ဦး သေဆုံးခဲ့သည်။ သေဆုံးသူနှစ်ဦးတွင် တွေ့ရှိရသည့် ရောဂါလက္ခဏာများမှာ အထက်လှန်အောက်လျှောဖြစ်ခြင်းနှင့် ရေဓာတ်ကုန်ခန်းခြင်းတို့ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မှတ်ဉာဏ်ချို့ယွင်းမှု သုတေသီများ လေ့လာ

မေရီလင်း မတ် ၁၈

သွေးတိုးရောဂါ ကုသရာတွင် အသုံးပြုသည့် ဆေးသည် မှတ်ဉာဏ် ချို့ယွင်းသော ရောဂါဖြစ်ပွားမှုကို လျော့ပါးစေနိုင်သည့် အလားအလာရှိကြောင်း သောကြာနေ့က ထုတ်ပြန်ထားသည့် လေ့လာချက် စာတမ်းတစ်ရပ်အရ သိရှိရသည်။

သို့ရာတွင်ယင်းအချက်နှင့် စပ်လျဉ်း၍ ကြောင်းကျိုးဆက်နွှယ်မှုရှိ၊မရှိ နောက်ထပ်လေ့လာရန် လိုအပ်သေးကြောင်း မေရီလင်းအခြေစိုက်သုတေသီ ခါချာတူရီယန်နှင့် လုပ်ဖော်ကိုင်ဖက်များက ပြုစုသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ လေ့လာချက်စာတမ်းကို ကာချေနှင့် အူတာဒေသမှ သက်ကြီးရွယ်အို ၃၂၉၇ဦးကိုစစ်ဆေးပြီးနောက် ရေးသား ပြုစုခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်နိုင်ငံဗလင်စီယာမြို့၌ နွားရိုင်းနှင့်လူယှဉ်ပြိုင်ပွဲ ကျင်းပနေသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဗြိတိသျှ ကလေးငယ်များ သွေးကင်ဆာဖြစ်ပွားမှုနှုန်းမြင့်မား သုတေသီများ၏ လေ့လာချက်တွင် ဖော်ပြ

နယူးယောက် မတ် ၁၈

ဗြိတိန်နိုင်ငံတွင် ၁၉၇၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်းက ကလေးငယ်များအတွင်း သွေးကင်ဆာ ရောဂါ ဖြစ်ပွားသည့် နှုန်းမြင့်မားလာခဲ့ကြောင်း၊ တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုများ ပေါ်ပေါက်ခဲ့ပြီး နောက် ကလေးများအတွင်း သွေးကင်ဆာ ရုတ်တရက်ဖြစ်ပွားလာခဲ့ဖွယ်ရှိကြောင်း စမ်းသပ် လေ့လာမှုအသစ်တစ်ရပ်အရ သိရှိရပြီး ယင်းအချက်နှစ်ချက်မှာ ဆက်နွှယ်မှုရှိသည်ဟု ဖော်ပြထားသည်။

ဆန်းစစ်ပြုစု

ယင်းတွေ့ရှိချက်များသည် ကလေးငယ်များ အကျိတ်ဆိုင်ရာ လေ့လာရေးဌာနမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံကာ ဆန်းစစ်ပြုစုခဲ့ခြင်းဖြစ်သည်။

မြင့်မားလာ

၂၇နှစ်ကြာ လေ့လာစမ်းသပ်ခဲ့ရာတွင် ကလေးငယ်များတွင် ဖြစ်ပွားမှုနှုန်းသည် နှစ်စဉ် ပျမ်းမျှအားဖြင့် သုညဒသမ ၇ ရာနှုန်းအထိ မြင့်တက်လာခဲ့သည်။ တုပ်ကွေးရောဂါ ဖြစ်ပွားပြီးသည့်နောက် ၁၉၇၆ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း အဆိုပါရောဂါဖြစ်ပွားမှုနှုန်းသည် တဖြည်းဖြည်းချင်း မြင့်မားလာခဲ့သည်ဟု စမ်းသပ်ချက်အရ သိရှိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရာမာဒီမြို့အနီး လမ်းဘေးဗုံးပေါက်ကွဲ ကင်းလှည့်ယာဉ်တစ်စီး ပျက်စီး

ရာမာဒီ(အီရတ်) မတ် ၁၈

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရာမာဒီမြို့တွင် သောကြာနေ့က အမေရိကန်စစ်ဘက်ယာဉ်တစ်စီး လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ကင်းလှည့်ယာဉ်တစ်စီးသည် ရာမာဒီမြို့လယ်တွင် ဖြတ်သန်းမောင်းနှင်လာခဲ့ရာ အဆိုပါယာဉ်အနီး လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် ဟမ်းဘီးမော်တော်ယာဉ် ပျက်စီးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် လူသေဆုံးမှုရှိ၊ မရှိ သဲသဲကွဲကွဲမသိရသေးပေ။

အီရတ်နိုင်ငံအနောက်ပိုင်းရာမာဒီမြို့အနီးရှိ အမေရိကန် စစ်ဘက်အခြေစိုက်စခန်းကို ပြောက်ကျားများက စိန်ပြောင်းများဖြင့် နံနက် ၉ နာရီခွဲတွင် ပစ်ခတ်ခဲ့သည်ဟု ဒေသခံရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ပေါက်ကွဲသံများ မကြာခဏကြားနေရပြီး စစ်ဘက်အခြေစိုက်စခန်းအတွင်း ဥဩမှုတ်သံများကိုလည်း ကြားရသည်ဟု ယင်းသတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လူ့အခွင့်အရေးကို ခုတုံးလုပ် အသုံးချနေတဲ့ အမေရိကန်ရဲ့ ထွင်လုံးကို ပုံတူကူးချလျှင်မှားမည်

စာဖတ်သူတစ်ဦး

အမေရိကန်အစိုးရက ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေး ဆိုတာတွေကို ခုတုံးလုပ်အသုံးချနေတာဟာ တစ်ဖက်က ကိုလိုနီနယ်ချဲ့လက်သစ်ဘီလူးရုပ်ကိုဖုံးအုပ်ဖို့ မင်းသားခေါင်းဆောင်းပြီး ဟန်ရေးပြနေတာသာဖြစ်တယ်လို့ ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက နောကျေအောင် သိနေကြပြီဖြစ်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေး စစ်ပွဲဆင်နွှဲပြီး အမျိုးသားသစ္စာဖောက် လူတွင်ကျယ်တတ်ယောင်ကားတွေကို တပည့်မွေး၊ ဆရာကြီးလုပ်နေတာ သိသာထင်ရှားလွန်းပါတယ်။

အမေရိကန်နဲ့ အပေါင်းပါတွေ ကျူးကျော်စစ်ဆင်နွှဲခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံမှာ အမေရိကန်ရဲ့မူဝါဒကို ယုံကြည်သက်ဝင်လာစေဖို့နဲ့ လက်ဝေခံ၊ သြဇာခံတွေ ပြန့်ပွားလာစေဖို့အတွက် ဝါဒဖြန့်ချိရေး လုပ်ငန်းတွေကိုလုပ်ဆောင်ခဲ့တယ်လို့ သိရပါတယ်။ ပင်တဂွန်စစ်ဌာနချုပ်က အီရတ်နိုင်ငံအတွင်း ထုတ်ဝေနေတဲ့ သတင်းစာတွေမှာ အမေရိကန်ဝါဒဖြန့် သတင်းဆောင်းပါးတွေ ထည့်သွင်းနိုင်ဖို့အတွက် ဆွန်နီဘာသာရေးပညာရှင်တွေကို လာဘ်ထိုးပြီး စည်းရုံးသိမ်းသွင်းခဲ့တယ်လို့ ဆိုပါတယ်။ “အီရတ်ပြည်သူတွေအပေါ်မှာ လွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်တွေကို တပည့်မွေးထားနိုင်ရင် အီရတ်ပြည်သူတွေကိုပါ အသာလေး အိတ်ကပ်ထဲထည့်ထားနိုင်ပြီလို့ ဆိုနိုင်ပါတယ်”လို့ ပင်တဂွန်စစ်ဌာနချုပ် အမှုထမ်းတစ်ဦးက The New York Timesသတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

စစ်အေးကာလတုန်းက အမေရိကန်အစိုးရအဆက်ဆက်ရဲ့ မီဒီယာကျူးကျော်စစ်ပွဲ ဆင်နွှဲမှုကို CIA က တာဝန်ခံလုပ်ဆောင်ခဲ့ပြီး နိုင်ငံအသီးသီးရဲ့ စာနယ်ဇင်းတွေမှာ အမေရိကန်ရဲ့ လူနေမှုစနစ်ကို အဲဒီနိုင်ငံကပြည်သူတွေ သဘောကျလက်ခံလာအောင် ငွေကြေးပုံအောပြီး ထည့်သွင်းဖော်ပြခဲ့ပါတယ်။ အခု အီရတ်မှာလည်း အမေရိကန်တွေကို ကယ်တင်ရှင်ကြီးတွေသဖွယ် ယုံကြည်လက်ခံလာအောင် ပင်တဂွန်က ငွေလမ်းခင်းပြီးလုပ်ဆောင်နေတယ်လို့ ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ရှုလိုက်ရပါတယ်။

ဒါဟာ ကမ္ဘာ့ပြည်သူများအကြားမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အမေရိကန်ရဲ့ပုံရိပ် ကြမ်းပိုးကိုလိပ်ဖြစ်အောင် လုပ်ကြံဖန်တီးနေတာပါပဲ။ ဒါပေမယ့် ရှေ့ကဖုံး၊ နောက်ကပေါ်ဆိုသလိုပဲ အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က အီရတ်မီဒီယာတွေကို လာဘ်ထိုးပြီး သတင်းမှန်နဲ့ သတင်းမှားတွေ ရောထွေးဖော်ပြနေတာ၊ အမေရိကန်နိုင်ငံအတွင်းမှာ ဆက်သွယ်ရေးလုပ်ငန်းစနစ်တွေကို ဥပဒေမဲ့ကြားဖြတ်ခိုးယူ နားထောင်နေတာ၊ အကျဉ်းစခန်းတွေမှာ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေတာတွေဟာ ကမ္ဘာ့မီဒီယာလောကမှာ ပေါလောကြီး ပေါ်လျက်ရှိနေပါတယ်။

အခုလည်း အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနက ၂၀၀၅ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာဆိုတာကို ထုတ်ပြန်ပြီး ကိုယ့်ကိုယ်ကိုယ်ဖော်မသူတော် လုပ်လိုက်ပြန်ပါတယ်။ သူများကို လက်ညှိုးတစ်ချောင်းထိုးရင် ကျန်တဲ့လက်ချောင်းလေးချောင်းက မိမိဘက်ကို ပြန်လှည့်တတ်တယ်ဆိုတဲ့အတိုင်းပဲ အမေရိကန်နိုင်ငံရဲ့ ဆိုးဝါးတဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေကို ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ မီဒီယာတွေက ပြန်လည်ချေပ ဖော်ပြနေကြပါပြီ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ၁၉၉၀ ပြည့်နှစ် ကာလကတည်းက **“အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအပေါ် တာဝန်မဲ့မှတ်ချက်များ ချပိုင်ခွင့်မရှိ၊ လူ့အခွင့်အရေးကိုဖန်းပြပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေမှုများကို ရပ်တန်းကရပ်သင့်ပြီ။ လူ့အခွင့်အရေးဖန်းပြပြီး အခြားသောနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုကို ပြတ်ပြတ်သားသားဆန့်ကျင်သည်”လို့** တုံ့ပြန်ပြောကြားခဲ့ပါတယ်။

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်ကလည်း “အမေရိကန်နိုင်ငံသည် အခြားနိုင်ငံများ၏ အခြေခံလူ့အခွင့်အရေးများကို အမြဲတမ်းချိုးဖောက်လျက်ရှိသည်။ မလေးရှားနိုင်ငံက ခံယူသော လူ့အခွင့်အရေးဆိုသည်မှာ လူအများစုကြီး၏ အခွင့်အရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်”လို့ တုံ့ပြန်ဝေဖန်ခဲ့ပါတယ်။

ဒီနေရာမှာ ယနေ့မြန်မာနိုင်ငံကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ကို ဦးစီးဦးဆောင် အကောင်အထည်ဖော်ပေးနေတဲ့ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့စပ်လျဉ်းပြီး ထားရှိတဲ့မူဝါဒတွေကိုလည်း လေ့လာသိရှိသမျှ ဖော်ပြလိုပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံမှာ ကျင့်သုံးဖော်ဆောင်နေတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးစံနှုန်းတွေနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း အမှာစကားများ ပြောကြားထားပါတယ်–

- * **အနောက်နိုင်ငံများ၏ လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီစံနှုန်းများသည် မိမိတို့အာရှနိုင်ငံများ၏ စံနှုန်းနှင့်မတူညီကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ဓလေ့စရိုက်အရ မိမိတို့နှင့်ကိုက်ညီသည့် လူ့အခွင့်အရေးစံနှုန်းများနှင့် ဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊**
- * **တိုင်းရင်းသားပြည်သူများ၏ စားရေး၊ ဝတ်ရေး၊ နေရေးစသည့် အခြေအနေအရပ်ရပ်ကို ဖြည့်ဆည်းမပေးနိုင်လျှင် ဆိုရှယ်လစ်စနစ်ပဲဖြစ်ဖြစ်၊ ဒီမိုကရေစီစနစ်ပဲဖြစ်ဖြစ် အောင်မြင်မှာမဟုတ်ကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေးကို ဖြည့်ဆည်းပေးနိုင်သည့် စနစ်သည်သာ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း၊**
- * **ယနေ့ နိုင်ငံတကာအခြေအနေအရ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးကို အကြောင်းပြု၍ နိုင်ငံကြီးအချို့က နိုင်ငံငယ်များကို သြဇာလွှမ်းမိုးရန် ကြိုးစားနေကြောင်း၊ အရှေ့တိုင်းယဉ်ကျေးမှုနှင့် အနောက်တိုင်းယဉ်ကျေးမှုသည် မည်သို့မျှ မတူညီနိုင်သဖြင့် ကျင့်သုံးဆောင်ရွက်မှုပုံစံလည်း မတူညီနိုင်ကြောင်း၊ ယင်းသို့သော အခြေအနေ၌ မိမိတို့အနေဖြင့် အစစအရာရာ ကိုယ်ခံအားကောင်းအောင်၊ တိုင်းပြည်အားရှိအောင် ကြိုးစားရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံတိုးတက်ရေးအတွက် မိမိကိုယ်ကို အားကိုးရမှာဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းသည် အခြေခိုင်မာမှုရှိကြောင်း၊**
- * **အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီဟူသည် တိုင်းပြည်၊ လူမျိုးစရိုက်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပြီး ပုံတူကူးချ၍ မရနိုင်ကြောင်း၊**
- * **လူတွေ၏အသက်ရှင်နေထိုင်ရေးအတွက် စားဝတ်နေရေးသည် အခြေခံအကျဆုံး လူ့အခွင့်အရေးဟုခံယူကြောင်း၊ အခြေခံလူ့အခွင့်အရေးများပြည့်စုံပြီးသည့်နောက် အပေါ်ယံလူ့အခွင့်အရေးများကို ပြန်လည်တည်ဆောက်ပေးရန် အခက်အခဲမရှိကြောင်း၊**
- * **မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုကို မြတ်နိုးခြင်းသည် အလွန်တန်ဖိုးရှိသည့် အရည်အသွေးတစ်ခုဖြစ်ကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းဟု ဆိုသည်နှင့် ကိုယ့်ဒေသကို မြတ်နိုးတွယ်တာခြင်း၊ ကိုယ့်အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊ လူမျိုးဂုဏ်နှင့် ဇာတိဂုဏ်ကို အသက်ပေးကာကွယ်ခြင်းဟု အဓိပ္ပာယ်ရရှိကြောင်း၊ ဤအဓိပ္ပာယ် ရရှိကြောင်းကို မိမိတို့လူမျိုးများသည် ဘိုးဘွားလက်ထက်မှသည် သားစဉ်မြေးဆက် မပျက်မကွက် ထမ်းရွက်ခဲ့ပြီး သက်သေထူခဲ့ကြောင်း၊**
- * **မိမိတို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို အတိတ်ကာလက လက်တွေ့ကျင့်သုံးခဲ့ရာတွင် အခက်အခဲများ၊ အကျဉ်းအကျပ်များ အကြိမ်ကြိမ်တွေ့ကြုံခံစားခဲ့ရပြီးဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သော်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိသည်က တစ်ကြောင်း၊ ပြည်သူများ၏ စီးပွားရေးဘဝ မဖွံ့ဖြိုးမတိုးတက်သည်ကတစ်ကြောင်း တို့ကြောင့် ပါလီမန်ဒီမိုကရေစီသည် မျှော်မှန်းသလို မအောင်မြင်ဘဲ ပြည်ထောင်စုပြိုကွဲလုဆဲဆဲအထိ အန္တရာယ်ကြီးမားခဲ့ကြောင်း၊**
- * **အချို့သော အဆိုးမြင်ဝါဒီများ၊ နယ်ချဲ့အလိုတော်ရိများသည် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးလက္ခဏာ ချို့တဲ့ရှားပါးနေသူများပီပီ အရာရာကို နိုင်ငံခြားအထင်ကြီး၊ နိုင်ငံခြားကိုဆရာတင်၊ နိုင်ငံခြားသြဇာခံချင်နေကြသူများလည်း ရှိကြောင်း၊**
- * **မျက်မှောက်ကာလတွင် ခိုင်မာသည်ဆိုသည့် အချို့သော ပြည်ထောင်စုနိုင်ငံများ အချိန်တိုအတွင်း ဖရိုဖရဲပြိုကွဲသွားပြီး အသက်အိုးအိမ်များ၊ ယဉ်ကျေးမှုများပါ ဆုံးရှုံးရခြင်း၊ သေကြေအနာတရဖြစ်ရခြင်း၊ စီးပွားရေး၊ လူမှုရေးဘဝများ ချွတ်ချုံကျ ပျက်စီးသွားရခြင်းများကို သင်ခန်းစာယူကြရန် လိုကြောင်း၊**
- * **နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သည့် ပြည်သူများ၏ အခြေခံအကျိုးစီးပွားဖြစ်သည့် အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့်တကွ စားဝတ်နေရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စသည့် လူ့အခွင့်အရေးများ အမှန်တကယ်ပြည့်စုံလာစေရန် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားရန်ကိုလည်း မျက်ခြည်ပြတ်မခံဘဲ တော်လှန်ရေးသတိဖြင့် စောင့်ကြည့်ပြီး အလစ်အငိုက်မခံရစေရန် အမြဲတမ်း နိုးနိုးကြားကြား စည်းစည်းလုံးလုံးနေကြရန် လိုအပ်ကြောင်း**

အထက်ဖော်ပြပါလမ်းညွှန်မှာကြားချက်တွေဟာ ယနေ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ လူ့အခွင့်အရေးဖော်ဆောင်ပေးနေမှုတွေရဲ့ အနှစ်သာရဖြစ်သလို နိုင်ငံတော်ရဲ့ မူဝါဒတွေဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်အစိုးရ(တပ်မတော်အစိုးရ)အနေနဲ့ အဲဒီမူဝါဒတွေအကောင်အထည်ပေါ်အောင် ဘယ်လိုကြိုးပမ်းဆောင်ရွက်ပေးနေသလဲဆိုတာကို နောက်ဆောင်းပါးတွေမှာ အကျယ်တဝင့် လေ့လာဖော်ပြသွားမှာဖြစ်ပါတယ်။

ယနေ့ တိုင်းရင်းသားပြည်သူတွေရဲ့ တာဝန်တစ်ရပ်ကတော့ ဖြစ်ပျက်ပြောင်းလဲနေတဲ့ နိုင်ငံတကာရေးရာအခြေအနေနဲ့ မိမိတို့ရဲ့ ပြည်တွင်းရေးရာအခြေအနေအရပ်ရပ်ကို မှန်ကန်စွာသုံးသပ်ဆင်ခြင်ပြီး မိမိတို့နိုင်ငံတော် အခွန့်ရှည်ရေးနဲ့ ပြည်သူများရဲ့ဘဝသာယာဝပြောရေးကိုရှေးရှုကာ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် အမြင့်မားဆုံးထွန်းကားပြန့်ပွားနေအောင် မွေးမြူသွားကြဖို့ပါပဲ။

ပိုပြီးထင်သာမြင်သာရှိအောင် မကြာခင်ကလေ့လာဖတ်ရှုလိုက်ရတဲ့ သတင်းစာဆရာ စာရေးဆရာလူထုဦးစိန်ဝင်းရဲ့ “စာနယ်ဇင်းနဲ့တာဝန်သိမှု” ဆောင်းပါးမှ ကောက်နုတ်ဖော်ပြလိုပါတယ်။ ၂၃-၂-၂၀၀၆ ရက်နေ့ထုတ် NEWS WATCHဂျာနယ်မှာ ဆရာလူထုဦးစိန်ဝင်းက အခုလိုရေးသားဖော်ပြထားတာ ဖြစ်ပါတယ်။

“ယနေ့ကမ္ဘာတစ်ခုလုံးမှာ လွတ်လပ်ခွင့်ဆိုတဲ့ စကားတစ်လုံးတော်တော်တွင်ကျယ်နေပါတယ်။ အရှေ့တိုင်း လူ့အဖွဲ့အစည်းနဲ့ အနောက်တိုင်းလူ့အဖွဲ့အစည်းတို့အကြားမှာ ကွဲပြားခြားနားမှုတွေ အများကြီး ရှိပါတယ်။ ဓလေ့ထုံးစံတွေ ကွဲပြားကြတယ်၊ ယဉ်ကျေးမှုတွေ ကွဲပြားကြတယ်၊ နေထိုင်စားသောက်မှုပုံစံတွေ ကွဲပြားကြတယ်၊ ယုံကြည်မှု အဘိဓမ္မာတွေ ကွဲပြားကြတယ်၊ အဲဒီလို မတူညီမှုတွေကို လျစ်လျူရှုပြီး တန်ဖိုးထားမှုစံနှုန်း တစ်မျိုးတည်းသတ်မှတ်လို့ မရပါဘူး။ မတူညီမှုတွေကိုလည်း လေးစားကြရမှာဖြစ်တယ်”

“အနိမ့်ဆုံးဥပမာတစ်ခုအဖြစ် မိသားစုပုံစံကိုပဲ လက်ညှိုးထိုးပြချင်တယ်။ အနောက်တိုင်းမိသားစုပုံစံက တစ်ဦးချင်းလွတ်လပ်ခွင့်နဲ့ တစ်ဦးချင်းတိုးတက်ခွင့် (Individual Freedom and Individual Wellbeing) ကို အဓိကထားတယ်။ အရှေ့တိုင်းမိသားစုပုံစံက တစ်ဦးချင်းအရေးထက်မိသားစုတစ်ခုလုံးအရေးကို အဓိကထား ဦးစားပေးပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုလုံးထက် ပုဂ္ဂလိကတစ်ဦးချင်းကို ဦးစားပေးလွန်းတဲ့ အနောက်တိုင်းလူ့အဖွဲ့အစည်းတွေမှာ ဆယ်ကျော်သက်ရွယ် ကိုယ်ဝန်ဆောင်မှုနှုန်းတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာတာ၊ အလယ်တန်းလောက်တောင် ပြီးဆုံးအောင် ပညာမသင်နိုင်တော့ဘဲ ကလေးအမေဖြစ်ပြီး လမ်းပေါ်က အလုပ်လက်မဲ့ဘဝရောက်သွားတာ၊ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုကြီးတွေ ကြောက်ခမန်းလိလိများနေတာ စတဲ့အချက်တွေကိုကြည့်ပြီး အနောက်တိုင်းလူနေမှုစနစ်က ပိုပြီးကောင်းတယ်လို့ မဆိုနိုင်ပါဘူး”

“လွတ်လပ်ခွင့်ဆိုတာ ထင်ရာစိုင်းခွင့်လိုင်စင် မဟုတ်ပါဘူး၊ လွတ်လပ်ခွင့်နဲ့ တာဝန်ယူမှုဟာ ဒွန်တွဲနေပါတယ်။ တကယ်တမ်းပြောကြမယ်ဆိုရင် ရာခိုင်နှုန်းပြည့် လွတ်လပ်ခွင့်ဆိုတာ ဘယ်မှာမှ မရှိပါဘူး၊ အနောက်တိုင်းနိုင်ငံ သတင်းစာကြီးတွေမှာလည်း သူတို့သတင်းစာကြီးတွေကိုပိုင်တဲ့ ကော်ပိုရေးရှင်းကြီးများရဲ့ ပိုင်ရှင်များက ချမှတ်ပေးတဲ့ဘောင်ထဲက လွတ်လပ်ခွင့်မျှသာဖြစ်ပါတယ်။ လောလောဆယ် အမေရိကန်သမ္မတ ဂျော့ဘုရှ်က စာတိုက်ကစာတွေ ဖောက်ဖတ်စစ်ဆေးခွင့်၊ တယ်လီဖုန်းလိုင်းတွေ ကြားဖြတ်ခိုးနားထောင်ခွင့်ဟာ မရှိမဖြစ်လိုအပ်နေတယ်လို့ ပြောဆိုနေတာကို ကြည့်ခြင်းအားဖြင့် ရာနှုန်းပြည့်လွတ်လပ်ခွင့်မရှိနိုင်ဘူးဆိုတာ သိနိုင်ပါတယ်” လို့ ရေးသားဖော်ပြထားပါတယ်။ ။

အမေရိကန်အစိုးရက ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေး ဆိုတာတွေကို ခုတုံးလုပ်အသုံးချနေတာဟာ တစ်ဖက်က ကိုလိုနီနယ်ချဲ့လက်သစ်ဘီလူးရုပ်ကိုဖုံးအုပ်ဖို့ မင်းသားခေါင်းဆောင်းပြီး ဟန်ရေးပြနေတာသာဖြစ်တယ်လို့ ကမ္ဘာ့နိုင်ငံအစိုးရများနဲ့ ကမ္ဘာ့ပြည်သူတွေက နောကျေအောင် သိနေကြပြီဖြစ်ပါတယ်။ အခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ဝါဒဖြန့်ချိရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးစစ်ပွဲဆင်နွှဲပြီး အမျိုးသားသစ္စာဖောက် လူတွင်ကျယ် တတ်ယောင်ကားတွေကို တပည့်မွေး၊ ဆရာကြီး လုပ်နေတာ သိသာထင်ရှားလွန်းပါတယ်။

ကလောမြို့ ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန်　　မတ်　　၁၉

ကလောမြို့၊ ဓမ္မရောင်ခြည်မဟာစည်သာသနာ့ရိပ်သာတွင် ဒုတိယအကြိမ်မြောက် လူငယ်များ ယဉ်ကျေးမှုသင်တန်း တရားစခန်းကို မတ် ၂၉ရက်မှ ဧပြီ ၇ရက်အထိလည်းကောင်း၊ အကြိမ် (၂၀)မြောက် လူကြီးတရားစခန်းကို ဧပြီ ၁၀ရက်မှ ၂၄ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယကိုခံယူလျက် ရန်ကုန်မဟာစည်ရိပ်သာကြီးမှ ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်သည့် ဆရာတော် ဦးစန္ဒရ၊ ဆရာတော်ဦးဝိလာသနှင့် ဆရာတော် ဦးနန္ဒသာရတို့က တရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၆ရက်နောက်ဆုံးထား၍လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၈ရက် နောက်ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများ လှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ (၃)ရပ်ကွက် ကလောမြို့ဖုန်း–၀၈၁–၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် (၅)ရပ်ကွက်၊ ကလောမြို့ ဒေါ်နုနု(နုရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလောမြို့၊ဦးမျိုးထွန်း(ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့၊ ဆရာမဒေါ်တင်တင်နွယ် (၁)ရပ်ကွက် အောင်ပန်းမြို့၊ ဦးမောင်မောင်(မိုးမိတ္တူ) (၁)ရပ်ကွက်အောင်ပန်းမြို့တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။　(က–ပ)

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန်　　မတ်　　၁၉

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်၌ တည်ထားကိုးကွယ်သည့် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်များကြွရောက်တော်မူကြပြီး စေတီတော်မြတ်ကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရွှေဘုန်းပွင့် စေတီတော်ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ရွှေဘုန်းပွင့်ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြတ်စွာဘုရား အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၁၅၅ပါးနှင့် သီလရှင် ၄၅ပါးတို့သည် ဦးရွှေဂွန်းလမ်း၊ လိပ်ကန်လမ်း၊ ရေကျော်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်ကြီးလမ်း၊ သဇင်လမ်းနှင့် ဦးရွှေဂွန်းလမ်းတို့တစ်လျှောက် ဆွမ်းဆန်စိမ်းအလှူခံကြွရောက်ကြရာ လမ်းတစ်လျှောက်၌ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် ဆက်ကပ်လောင်းလှူကြသည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၅ ရက်မှ ၁၉ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ မတ် ၁၅ရက်မှ ၁၈ရက်အထိ ညစဉ် ဓမ္မကထိကဆရာတော်အရှင်သူမြတ်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ခဲ့ပြီး မတ် ၁၉ရက် နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးတင်ပွဲကို ကျင်းပခဲ့သည်။

(သတင်းစဉ်)

အာဂျင်တီးနားတွင် ရေခဲတံတိုင်းနံရံကြီး ပြိုကျပုံ ကမ္ဘာလှည့်ခရီးသည်များ လေ့လာစောင့်ကြည့်ခဲ့ကြ

ကြေးမုံ The Mirror

အင်တာနက် သတင်းများ

ဗျူနိုအေရီ　　မတ်　　၁၉

အာဂျင်တီးနားနိုင်ငံတောင်ပိုင်းတွင် ရေခဲမြစ်ပြိုကျသည့်ဖြစ်ရပ် ပေါ်ပေါက်စဉ် ရာပေါင်းများစွာသော ကမ္ဘာလှည့် ခရီးသည်များက လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း မတ် ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံရှိ လော့စ်ဂလေစီယာရက်စ် အမျိုးသားဥယျာဉ်တွင် မတ် ၁၅ ရက် ည ၁၀ နာရီ ၅၅မိနစ်တွင် ပါရီတိုမော်ရင်နိုဟူ၍ အမည်ပေးထားသော ရေခဲတံတိုင်းနံရံကြီးတစ်ချပ် ပြိုကျရာ ယင်းဥယျာဉ်သို့ အလည်အပတ်ရောက်ရှိနေသော ကမ္ဘာလှည့် ခရီးသည် ၄၀၀ ခန့်က စွန့်စွန့်စားစား စောင့်ကြည့်ခဲ့ကြသည်။ ပေ ၂၀၀ အမြင့်ရှိ ရေခဲတံတိုင်းကြီးသည် အလွန်ကျယ်လောင်သော မြည်ဟီးသံကြီးနှင့်အတူ ရေအိုင်အတွင်းသို့ ပြိုကျသွားရာ လေ့လာစောင့်ကြည့်နေသော ကမ္ဘာလှည့်ခရီးသည်များမှာ အံ့သြဘနန်း ဖြစ်ကြရသည်။ ဤကဲ့သို့ တွေ့မြင်ရခဲသော ဖြစ်ရပ်ကို ကိုယ်တွေ့ရှုစားနိုင်ရန် ရက်အတန်ကြာမျှ စောင့်ဆိုင်းခဲ့ကြရသည်။

လော့စ်ဂလေစီယာရက်စ် အမျိုးသားဥယျာဉ်ရှိ ရေခဲမြစ်တွင် ပါဝင်သော ရေခဲတံတိုင်းနံရံကြီးသည် ရေခဲဖြင့် ပြုလုပ်ထားသော တံတားတစ်စင်း သဖွယ်တည်ရှိပြီး ပြိုကျသွားသော ရေခဲထုမှာ ရေအိုင်အတွင်း ကစင့်ကလျား ရောက်ရှိသွားပြီး ရေခဲတံတိုင်းနံရံကြီး ပြိုလဲသံမှာ မိုင်ပေါင်းများစွာ အကွာအဝေးမှပင် ကြားနိုင်သည်။

ရေခဲတံတိုင်းနံရံကြီး ပြိုကျတော့မည့် လက္ခဏာများကို မပြိုကျမီ သုံးရက်အလိုကပင် ဥယျာဉ်လုပ်သားများက ကြိုတင်သိရှိခဲ့သည်။ ရေခဲတံတိုင်းနံရံကြီး မည်သို့မည်ပုံ ပြိုကျမည်ကို အထူးတလည် စိတ်ဝင်စားနေကြသည့် ကမ္ဘာလှည့်ခရီးသည်များသည် ကြိုတောင့်ကြိုခဲ အခွင့်အလမ်းကိုရရှိရန် ၂၄ နာရီမပြတ် စောင့်စားနေခဲ့ကြသည်။

ရေခဲတံတိုင်းနံရံကြီး ပြိုကျသည့် ညက တိမ်ထူသည့်နေ့ဖြစ်သည့်အားလျော်စွာ အမြင်အာရုံ နည်းပါးနေသော်လည်း ဗီဒီယိုကင်မရာများဖြင့် မှတ်တမ်းရိုက်ယူနိုင်ရန် ကမ္ဘာလှည့်ခရီးသည်များက ကြိုးပမ်းခဲ့ကြသည်။

နှစ်ပေါင်း ၃၀၀၀ သက်တမ်းရှိ ရေခဲတံတိုင်းနံရံကြီးသည် တစ်ဖက်တစ်ချက်မှ အလွန်ပြင်းထန်သော ဖိအားပေးမှုကြောင့် ပြိုကျခြင်းဖြစ်သည်။ ရေခဲတံတိုင်းကြီး ပြိုကျပုံကို ရုပ်မြင်သံကြားဌာနများက ပုံမှန်ထုတ်လွှင့်နေကျ အစီအစဉ်များကို ခေတ္တရပ်ဆိုင်းကာ ကြားဖြတ်ထုတ်လွှင့်ပြသပေးခဲ့သည်။ရေခဲမြစ်၏ရေခဲထုအတွင်း သဘာဝအရ ဖွဲ့စည်းနေသော ဥမင်လိုဏ်ခေါင်း ဖွဲ့စည်းနေပုံကိုလည်း သတင်းအဖြစ် ပြသပေးခဲ့သည်။

လော့စ်ဂလေစီယာရက်စ်အမျိုးသားဥယျာဉ်တွင် ရေခဲမြစ် ၄၈ စင်း တည်ရှိပြီး နှစ်စဉ် ယင်းဥယျာဉ်သို့ ကမ္ဘာလှည့်ခရီးသည် ထောင်ပေါင်းများစွာ လာရောက်ကြည့်ရှုကြသည်။ အဆိုပါဥယျာဉ်သည် မြို့တော် ဗျူနိုအေရီတောင်ဘက် ၁၃၃၅ မိုင် အကွာအဝေးတွင် တည်ရှိသည်။

အင်တာနက်။

အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူနိုအေရီတောင်ဘက် ၁၃၃၅မိုင် အကွာ လော့စ်ဂလေစီယာရက်စ် အမျိုးသားဥယျာဉ်တွင် ရေခဲတံတိုင်းကြီး ပြိုကျပုံကို ကမ္ဘာလှည့်ခရီးသည်များ လေ့လာစောင့်ကြည့်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze အား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။　(သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအား တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန်　　မတ်　　၁၉

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား မြန်မာ–တရုတ်နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ လာရောက်တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်အတူ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်နှင့် စာတည်းမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။　(သတင်းစဉ်)

ဂျာမနီမြောက်ပိုင်းရှိဟိုတယ် ကိုယ်အလေးချိန်နှင့်အညီ တည်းခိုခတောင်းခံ

ဘာလင်　　မတ်　　၂၀

ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ဟိုတယ်တစ်ခုတွင် လာရောက်တည်းခိုသူများကို ၎င်းတို့၏ ကိုယ်အလေးချိန်နှင့်အညီ အခကြေးငွေကောက်ခံလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်အညီ နေထိုင်နိုင်ရန် လှုံ့ဆော်သည့်အနေဖြင့် မိမိတို့ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဟိုတယ်ပိုင်ရှင် ဂျာဂျင်ဟက်ရော့ဒ်က မတ် ၁၉ ရက်တွင် ပြောကြားသည်။

မိမိ၏ဟိုတယ်သို့ တည်းခိုရန်ရောက်ရှိလာသော ဧည့်သည်များအနက် ကိုယ်အလေးချိန် များပြားသူများအား ၎င်းတို့၏ကိုယ်အလေးချိန် လျှော့ချရန် မိမိတိုက်တွန်းလေ့ရှိကြောင်း ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်ပိုင်ရှင် ဟက်ရော့ဒ်က ပြောကြားသည်။

မိမိ၏ဟိုတယ်တွင် တည်းခိုသွားသော လူဝကြီးများသည် နောက်တစ်ကြိမ် မိမိ၏ဟိုတယ်သို့ရောက်ရှိလာသည့်အခါ ယခင်ကထက် ကိုယ်အလေးချိန် ပိုမိုလျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်အလေးချိန် တိုးပွားနေမှုကို လျှော့ချရန်လှုံ့ဆော်ပေးသည့် ဟိုတယ်၏အစီအစဉ်ကို လူအများစုက အားပေးထောက်ခံကြကြောင်း ၎င်းကပြောကြားသည်။ မိမိတို့သည် ကျန်းမာကြံ့ခိုင်သည့် ဂျာမန်လူမျိုးများဖြစ်လာရန် မျှော်မှန်းကြောင်း၊ ကျန်းမာကြံ့ခိုင်သော ဧည့်သည်များသည် အသက်ရှည်ရှည် နေထိုင်နိုင်မည်ဖြစ်ပြီး မိမိတို့ဟိုတယ်သို့ မကြာမကြာ လာရောက်တည်းခိုကြမည်သာဖြစ်ကြောင်း ဟိုတယ်ပိုင်ရှင်က ပြောကြားသည်။

နယ်သာလန်နိုင်ငံ၏ နယ်စပ်ဒေသနှင့် နီးကပ်စွာတည်ရှိသော ဂျာမန်မြို့ငယ်လေးဖြစ်သည့် နော်ဒင်မြို့တွင် ယင်းဟိုတယ်တည်ရှိသည်။ ဟိုတယ်သို့ တည်းခိုရန်ရောက်ရှိလာသူများသည် ဦးစွာပေါင်ချိန်စက်ပေါ်သို့ တက်ကာ ကိုယ်အလေးချိန် ချိန်ကြရသည်။ ကိုယ်အလေးချိန် တစ်ကီလိုဂရမ် (၂ဒသမ၂ ပေါင်)လျှင် ယူရို သုည ဒသမ၅ နှုန်းဖြင့် ကောက်ယူသည်။ ဧည့်သည်များသည် ၃၉ ယူရိုထက်ကျော်လွန်ကာ တည်းခိုခပေးရခြင်းမရှိကြောင်း၊ ယင်းမှာ တစ်ယောက်ခန်း တည်းခိုခမျှသာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်၊ ရွှေကြာသင်္ကန်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူ…
စိန်ဖူးတော်၊ စိန်အိုးတော်နှင့် ပရိက္ခရ…

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စေတီတော် တည်ဆောက်ရေးအင်ဂျင်နီယာများ၊ ပန်းချီပညာရှင်၊ ကြေးသွန်းပညာရှင်၊ မြန်မာမှုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် ဗိသုကာ အင်ဂျင်နီများကိုယ်စား စေတီတော် တည်ဆောက်ရေး ဗိသုကာပုံစံအကြံပေး အင်ဂျင်နီယာ ဒေါက်တာလှသန်းက စေတီတော်အား မူလ ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည့် စာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က စေတီတော် တည်ထားရာ၌ မပြည့်စုံမှု၊ မှားယွင်းမှုများ ရှိပါက ခွင့်လွှတ်ပါရန် သမ္မာဒေဝနွှန်းဘုံများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့က ငှက်မြတ်နားတော်ကိုလည်းကောင်း ပင့်ဆောင်ပေးကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ရွှေကြာသင်္ကန်းတော်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများက ရွှေကြာသင်္ကန်းတော်များ၊ ဆည်းလည်းများကို ပင့်ဆောင်ကြသည်။

❀ ရှေ့ဖုံးမှ

ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ ဗောဓိပင်အား မြေဆီသြဇာများ ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မောကိန္နရီ တေးဂီတအဖွဲ့မှ စောင်း ဒေါ်နီလာညိုနှင့် တွဲဖက်၍ ဒေါ်ကြည်ကြည်ဝင်းရွှေက ထူးမခြားနား ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ကို သီကျူးပူဇော်ပြီး မင်္ဂလာစည်တော်အဖွဲ့ကမင်္ဂလာငွေခရုမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်ပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို သံဃာတော်များအား ဆက်ကပ်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုလှူဒါန်းသော စိန်ဖူးတော်ကိုလည်းကောင်း၊ ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုလှူဒါန်းသော စိန်အိုးတော်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မိသားစု လှူဒါန်းသော ငှက်မြတ်နားတော်၊ ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်တို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဗွန်းဘုံများနှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာ့အောင်လံတော်၊ စေတီတော်ဝတ္ထုကံမြေဂရန်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ရွှေကြာသင်္ကန်းတော်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်အကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်(၂)၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် တည်ဆောက်ရေးလုပ်ငန်းတာဝန်ခံ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ထို့နောက် ဝန်ကြီးချုပ်သည် တပ်မတော်(လေ)မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်းနှင့် စေတီတော်တည်ဆောက်ရေး ဗိသုကာပုံစံအကြံပေးအင်ဂျင်နီယာ ဒေါက်တာလှသန်းတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြစဉ်။ (သတင်းစဉ်)

နတ်ကောင်းနတ်မြတ်များအား ပန်ကြားသည်။

စိန်ဖူးတော်ပင့်ဆောင်

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တိုင်းမှူးတို့သည် စိန်ဖူးတော်ကို ပင့်ဆောင်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် တိုင်းမှူး၏ ဇနီး ဒေါ်ခင်သန့်စင်တို့က ပန်းကလာပ်ကို ပင့်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စိန်အိုးတော်ကို ပင့်ဆောင်ပေးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၏ ဇနီး ဒေါ်စန်းစန်းရီက ပန်းကလာပ်ကို ပင့်ဆောင်ပေးသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေဝါဝင်း၊ ရာဇာဝင်းတို့နှင့် အတူ စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်၍ မင်္ဂလာရထားပျံ မဏ္ဍပ်သို့ ပင့်ဆောင်ရာတွင် မင်္ဂလာစည်တော်သံများကို သီကျူးပူဇော်ကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဗွန်းဘုံများကို မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံပေါ်သို့ တင်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက မဟာမင်္ဂလာမော်ကွန်းစာကို ဖတ်ကြားသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ထားသည့် ဗွန်းဘုံများကို မင်္ဂလာရထားပျံဖြင့် စေတီတော်

...ာ်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်မိသားစု လှူဒါန်းသော ...၊ စိန်အိုးတော်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးအား ဆက်ကပ်လှူဒါန်း

ဖွန်းဘုံများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့က ငှက်မြတ်နားတော်ကိုလည်းကောင်း ပင့်ဆောင်ပေးကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ရွှေကြာသင်္ကန်းတော်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများက ရွှေကြာသင်္ကန်းတော်များ၊ ဆည်းလည်းများကို ပင့်ဆောင်ကြသည်။

အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ဖွန်းဘုံများ တင်လှူသည်နှင့်တစ်ပြိုင်တည်းမှာပင် စေတီတော် အထွတ်၌ အသင့်ပြင်ဆင်ထားပြီးဖြစ်သည့် ရွှေသင်္ကန်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်အထက်သို့ အခမ်းအနားကို ရုပ်သိမ်းပြီး မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။ ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဇနီး ဒေါ်စန်းစန်းရီနှင့် အဖွဲ့ဝင်များသည် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်များအား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဝင်၊ သမိုင်းဝင်၊ စေတီပုထိုးများကို ကြည့်ရှုကြည်ညိုကြစဉ်။ (သတင်းစဉ်)

...ျုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် ...၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ စေတီ... လှည့်လည်ပူဇော်ကြစဉ်။ (သတင်းစဉ်)

ထီးတော်များကို တာဝန်ရှိသူများက တပ်ဆင်လှူဒါန်း ပူဇော်ပေးကြသည်။

ဆက်လက်၍ ငှက်မြတ်နားတော်ကို အမွှေးနံ့သာများ ပက်ဖျန်းပူဇော်၍ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပေးကြသည်။

ပူဇော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စိန်ဖူးတော်ကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ ပန်းများ၊ အမွှေးနံ့သာများဖြင့် ပူဇော်သည်။

ယင်းနောက် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ သာသနာ့ အောင်လံတော်၊ ရွှေကြာ

စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဒေဝါဝင်း၊ ရာဇာဝင်းတို့နှင့်အတူ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်၍ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ရာတွင် မင်္ဂလာစည်တော်သံများကို သီကျူးပူဇော်ကြသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဖွန်းဘုံများကို မြလေယာဉ် ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံပေါ်သို့ တင်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက မဟာမင်္ဂလာမော်ကွန်းစာကို ဖတ်ကြားသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ထားသည့် ဖွန်းဘုံများကို မင်္ဂလာရထားပျံဖြင့် စေတီတော်

တက်ရောက်၍ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးကြသည်။

ဆက်လက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ရေစင်ရေသန့်၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကြပြီး "ဇယန္တော ဗောဓိယာမူလေ" အစရှိသော အောင်ဂါထာတော်နှစ်ပုဒ်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် စေတီတော်အထွတ်တွင် သာသနာ့အောင်လံတော်ကို လွှင့်ထူကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မိသားစု လှူဒါန်းသော ငှက်မြတ်နားတော်ကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် စေတီတော် ဂန္ဓကုဋိတိုက်အတွင်း အရှေ့အရပ်ရှိ ပတ္တမြားမျက်ရှင် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်း၍ မြသပိတ်တော်ဖြင့် ဆွမ်းကိုလည်းကောင်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ပန်းတို့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား ရွှေကြာသင်္ကန်းနှင့် မြသပိတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရွှေကြာသင်္ကန်းတော်များနှင့် မြသပိတ်များကို ဆက်ကပ်လှူဒါန်းကြသည်။

အနေကဇာတင်

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်၊ သံဃာတော်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်နှင့် ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် သာသနာရေးဦးစီးအရာရှိ ဦးစန်းမောင်က အမျှပေးဝေ၍ နတ်ဒေဝါများအား ပြန်လည်ပို့ဆောင်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဝင်၊ သမိုင်းဝင်စေတီပုထိုးများကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။ ထို့နောက် စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ပတ္တမြားမျက်ရှင် ကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဗောဓိပင်အား မြေဆီသြဇာများ ထည့်သွင်း၍ ရေစင်ရေသန့်များ၊ အမွှေးနံ့သာရည်များ သွန်းလောင်းပူဇော်ကြသည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဉာဏ်တော်အမြင့် ၁၃၅ပေရှိ ရွှေတိဂုံစေတီတော် ပုံတူ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် စေတီတော်ပရိဝုဏ်ရှိ ရန်တိုင်းအောင်ဓမ္မာရုံ၌ ဆရာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစု လှူဒါန်းသော စိန်အိုးတော်ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၉

ကျိုက်မရောမြို့နယ်အသင်း၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄-၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများ မတ် ၂၈ရက် နောက်ဆုံးထား၍ ဦးရဲမြင့် ဖုန်း-၂၁၂၁၈၅၊ ဦးသောင်းညွန့် ဖုန်း-၅၅၅၆၅၁၊ ဦးခင်အောင် ဖုန်း-၂၉၅၄၆၅တို့ထံ အထောက်အထားအပြည့်အစုံဖြင့် စာရင်းပေးပို့ ဆက်သွယ်ကြရန်နှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က-ပ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှုခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးရပ်ကွက် သိမ်ဖြူလမ်းနေ ဦးဖေဌွေး–ဒေါ်ခင်နု မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်လမ်းနေ ဦးရန်နိုင်–ဒေါ်စန်းစန်းမိသားစုက အလှူငွေကျပ်ငါးသိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဦးညီဂျော်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)



ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော် ဖူးမြော်ကြည်ညို၊ ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E Mr. Shao Huaze **ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီ မိနစ် ၂၀တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး ကပ်လှူပူဇော်ကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze **ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

အလှူငွေပေးအပ်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ဝင်ဦးဘရွှေထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် တရုတ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာပြတိုက်နှင့် (၄၃)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၌ ကျောက်မျက်အတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုများကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် တရုတ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဦးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ စတင်တည်ဆောက်ခဲ့မှု၊ ဖွဲ့စည်းထားမှု၊ ရည်ရွယ်ချက်၊ တိုင်းရင်းသားလူမျိုးများ တစုတစည်းတည်း နေထိုင်မှု ပြသထားသည့် အခြေအနေ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ရှင်းလင်းပြသ

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E Mr. Shao Huaze ခေါင်းဆောင်သော တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင်လည်း ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ပြတိုက်အတွင်းရှိ သီဟာသနပလ္လင် ပြခန်း၊ ရတနာပုံခေတ်ပြခန်းနှင့် မင်းခမ်းတော်ပစ္စည်းများပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပျဉ်းမနား နန်းချိုကြိုးဝိုင်း သစ်ထုတ်မှုစစ်ဆေး

ရန်ကုန် မတ် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနား(မြောက်) သစ်ထုတ်ရေးဒေသ နန်းချိုကြိုးဝိုင်း အကွက်အမှတ်(၁၇)သို့ ရောက်ရှိပြီး ကြိုးဝိုင်းအတွင်း သစ်ထုတ်ထားရှိမှု အခြေအနေကို စစ်ဆေးသည်။ ဝန်ကြီးအား ဒေသမန်နေဂျာ ဦးစောဂျိမ်းကလိုးဝါးက သစ်ခုတ်လှဲပြီးစီးမှု၊ သစ်တိုက်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် သစ်ထုတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သစ်ထုတ်ရေး အထွေထွေမန်နေဂျာ ဦးအေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ခုတ်လှဲထားသည့် သစ်ငုတ်များ၊ သစ်လုံးများကို စနစ်တကျ ဆောင်ရွက်ထားမှု အခြေအနေများကို စစ်ဆေးပြီး သစ်တောဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ သစ်ထုတ်လုပ်ရေး၊ ရာသီအမီ မိုးမကျမီ ထုတ်လုပ်ထားသည့်သစ်များ သစ်ဆိပ်အရောက် အချိန်မီသယ်ဆောင်ရေး၊ ရှေ့လာမည့်နှစ် သစ်ထုတ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရေးတို့ကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ခေါမသစ်ဆိပ်သို့ရောက်ရှိပြီး သစ်လုံးများ စနစ်တကျထားရှိရေး၊ မီးဘေးအန္တရာယ်ကင်းဝေးအောင်ဆောင်ရွက်ထားရေး၊ လုံခြုံရေးဂရုစိုက်ရေး မှာကြားခဲ့သည်။

(သတင်းစဉ်)

သား မင်းကိုဟန် (ခ) မောင်မင်းထွဋ်အား ရည်စူး၍ ရန်ကုန်မြို့ FMI CITY **ရွှေနှင်းဆီ(၂) လမ်းနေ ဦးဟန်ရှိန်-ဒေါ်အုန်းနု မိသားစု မမင်းမင်းရှိန်တို့က မြောက်ဥက္ကလာပမြို့နယ် ပုပ္ပား (၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျောင်းဆောက်ရန် ပထမအရစ် အလှူငွေကျပ်သိန်း ၇၀ ကို ဆရာတော်ထံ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်က လက်ခံယူစဉ်။** (က-ပ)

ဒုတိယဝန်ကြီး ဦးကျော်သူ အီဂျစ်အာရပ်သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလီဟူစိန် အယ်လ်ဒင်၊ အယ်လ်ဟတ်ဖ်နီ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပမည့် မြန်မာ-အီဂျစ်နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ ကိုင်ရိုမြို့သို့ ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရန်ကုန်မြို့ရှိ အီဂျစ်အာရပ်သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာမိုဟာမက် မိုဟာမက်၊ မင်နာစီတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ဒဂုံ မြို့သစ် (အ ရှေ့ ပိုင်း) မြို့နယ်ရှိအမက (၁)တွင် မိဘ ဆရာ အသင်း နှစ် ပတ် လည် အစည်း အဝေး နှင့် ပညာရည်ချွန်ဆု ပေးပွဲကို မတ် ၁၃ရက်က ကျင်းပရာ ဒုတိယ တန်းဘက်စုံ ထူးချွန် ဒုတိယဆု ရရှိသောမောင်ဟိန်းထက်ကျော်အား ကျောင်း အုပ်ဆရာ မ ကြီး ဒေါ် နွယ် နွယ် ကြူ ဆုချီးမြှင့်စဉ်။ (၆၃)

ရဟန်းခံ၊ရှင်ပြုအကြိုတရားပွဲ

ရန်ကုန် မတ် ၁၉

သီဟသုဓမ္မမဏ္ဍိဇောတရေ ဦးစိုးသိမ်း-ဒေါ်ဆင်နုတို့ကို အမှူးထား၍ (သား)ကိုစိုးမင်း-မရီရီချို၊ ကိုနေလင်း-မနုနုဆွေ(ရွှေနဒီမိသားစု)၏ ရဟန်းခံပွဲ၊ ရှင်အပါး ၂၀၀ ရှင်သာမဏေပြုပွဲ အကြိုတရားပွဲများအဖြစ် မတ် ၂၆ ရက်တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အရှင်ဣန္ဒာစရိယ၊ ၂၇ ရက်တွင် ဆရာတော် အရှင်ပညာနန္ဒ(သီတဂူ ကြယ်တစ်ပွင့်)၊ ၂၈ ရက်တွင် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိသသရ၊ မတ် ၃၀ ရက်တွင် မဟာစည်ဆရာတော်အရှင်ဇဋိလတို့က ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်း ရွှေနဒီဓမ္မဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

❀ **တိုင်းမှူးမှ**

ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခရမ်းရေထိန်းတံခါးသို့ ရောက်ရှိလာပြီး ရေထိန်းတံခါး အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေထိန်းတံခါး စီမံကိန်း ရှင်းလင်းဆောင်အနီး၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်၍ ခြစည်းရိုး ကြက်ဆူပင်နှင့် မျိုးစေ့များ ပျိုးထောင်စိုက်ပျိုးပေးကြပြီး၊ ဒေသခံပြည်သူများ၏ မျိုးစေ့များ ပျိုးထောင်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေထိန်းတံခါးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေထိန်းတံခါး ဆိုင်ရာအချက်လက်များ၊ ရေထိန်းတံခါးမှ ရေပေးဝေနိုင်မှုအခြေအနေ၊ ရေထိန်းတံခါးဖြင့် မိုးရာသီဒီရေတက်ချိန်၌ ရေများ ကုန်းတွင်းသို့ ဝင်ရောက်မှုမှကာကွယ်နိုင်ပြီး မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်၍ စိုက်ပျိုးရေအလုံအလောက်ပေးဝေနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်မြို့တော်ဝန်းကျင် မိုင်(၃၀) ပတ်လည် (အရှေ့ခြမ်း)စိမ်းလန်းစိုပြည်ရေးအတွက် မြစ်ရေတင် စီမံကိန်းများ၊ ရေထိန်းတံခါးများဖြင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေနှင့် စိုက်ပျိုးရေရာသီမလပ်ရရှိနိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ရေထိန်းတံခါးရေရှည်ကြံ့ခိုင်မှုရရှိအောင် စနစ်တကျ ထိန်းသိမ်းကြရန်၊ စိုက်ပျိုးရေလေလွင့်မှုမရှိအောင် စနစ်တကျ ထိန်းသိမ်းပေးဝေကြရန်နှင့် ရန်ကုန်မြို့တော် မိုင်(၃၀) ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်စေရေးအတွက် ဝိုင်းဝန်းစီမံဆောင်ရွက်ကြရန်မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရန်ကုန်–သန်လျင်တံတား အမှတ်(၂)

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ပဲခူးမြစ်ကိုဖြတ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ရန်ကုန်–သန်လျင်တံတား အမှတ်(၂) စီမံကိန်းသို့ ရောက်ရှိလာရာ စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ်(တံတား) ဦးမြင့်လွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက စီမံကိန်း အမြန်ပြီးစီးစေရေးအတွက် လိုအပ်သည်များ မှာကြားပံ့ပိုးဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတား ကွန်ကရစ်ကြမ်းခင်း ခင်းကျင်းပြီးစီးမှုနှင့် ရေလယ်တိုင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်တော်ရှိ သာသနိက အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။(သတင်းစဉ်)

▼ **ကျောက်မျက်မှ**

ယခု (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၅နိုင်ငံ၊ ကုမ္ပဏီပေါင်း ၄၁၆ ခုမှ ရတနာကုန်သည် ၁၄၅၇ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၅၂ခုမှ နိုင်ငံသား ရတနာကုန်သည် ၈၇၀ဦး စုစုပေါင်း ၂၃၂၇ဦးတို့ ရောက်ရှိနေကြပြီး ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိနေသော ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များသည် မတ် ၂၀ရက်တွင် ခင်းကျင်းထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ၍ မိမိတို့ ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများအား တင်ဒါပုံးများထဲသို့ အဆိုပြုလွှာများ ထည့်သွင်းကြမည်ဖြစ်သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

သန်လျင်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာရေးဆောင်ရွက်

ဆေးပဒေသာပင်စိုက်ထူလှူဒါန်း၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရန်ကုန် မတ် ၁၉

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်နေ ပြည်သူများပူးပေါင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီး သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်လှပစေရေးနှင့် ဆေးပဒေသာပင် စိုက်ထူအလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တပျော်တပါး ဆောင်ရွက်

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်နှင့် လုပ်ငန်း အဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေနှင့် အမှုဆောင်များ၊ သန်လျင်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူများ စုစုပေါင်း အင်အား ၁၂၀၀ကျော်တို့က ၁၁ ဒသမ ၄၃ ဧက ကျယ်ဝန်းသည့် သန်လျင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အမှိုက်လှဲခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ စိမ်းလန်းစိုပြည် သာယာလှပစေရန် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများကို နံနက် ၆နာရီခွဲမှ စတင်ကာ တပျော်တပါး ဆောင်ရွက်ကြသည်။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်လှပစေရေးနှင့် ဆေးပဒေသာပင် စိုက်ထူအလှူငွေပေးအပ်ပွဲတွင် သန်လျင်မြို့ သီရိသုခမ္မသိဂီ ဒေါ်အေးအေးခန့် အလှူငွေများကို ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ လှမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ဆက်လက်၍ နံနက် ၇နာရီခွဲတွင် သန်လျင် ပြည်သူ့ဆေးရုံကြီးခန်းမ၌ သန်လျင်ပြည်သူ့ ဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူ အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက သန်လျင် ပြည်သူ့ဆေးရုံဝင်းကြီးအတွင်း လေးလက်မ စက်ရေတွင်းတူးဖော်ရန်နှင့် ရေစုပ်စက်တပ်ဆင်ရန် မတည်လှူဒါန်းငွေ ကျပ် ငါးသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းကငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက ဆေးရုံကြီး အုတ်တံတိုင်းကာရံရန်အတွက် မတည်လှူဒါန်းငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများ ဖြစ်ကြသော ဒေါ်ညွန့်ညွန့်ဦးနှင့် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသိန်းဝင်းဇော်–ဒေါ်ခင်လတ်မင်း မိသားစုက ငွေကျပ် သုံးသိန်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်း အဖွဲ့က ငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)–ဒေါ်သိန်းဆိုင် စာရေးဆရာမကြီး (မမြတ်လေး)မိသားစုက ငွေကျပ် တစ်သိန်း၊ သန်လျင်မြို့မှ သီရိသုခမ္မသိဂီ ဒေါ်အေးအေးခန့်က ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီက ငွေကျပ် ၁၁ သိန်း၊ ဦးစိန်လွင်–ဒေါ်ဖြူဖြူခိုင် မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးအောင်သန်းဝင်း (မြရွှေဝါ ဆန်စက်)က ငွေကျပ် ၁၂၀၀၀၀၊ သန်လျင်မြို့မှ ဦးရန်မြင့်ချို (အလူမီနီယံလုပ်ငန်း)က ငွေကျပ် နှစ်သိန်း၊ သန်လျင်မြို့မှ ဦးမြင့်သိန်း (ရွှေဆိုင်လုပ်ငန်းသန်လျင်လုပ်ငန်း)၊ သန်လျင်မြို့မှ ဒေါက်တာ တင်တင်လှိုင် (ကျော်+ထက် ဆေးခန်း)၊ ခရမ်းမြို့မှ ကုန်သည် ဦးကြိုင်၊ ကျောက်တန်းမြို့မှ ဦးတင်ဌေး(အုတ်၊ သဲ၊ ကျောက်လုပ်ငန်း)၊ သန်လျင်မြို့မှ ဦးမြင့်သိန်း (သစ်လုပ်ငန်း)၊ ကျောက်တန်းမြို့မှ ဦးလှထွန်း (ပွဲရုံလုပ်ငန်း)၊ သုံးခွမြို့မှ ဒေါက်တာ မြင့်သိန်း (ဆေးကုခန်း)၊ သုံးခွမြို့မှ ဦးမင်းဇင်ဦး (ဆေးအရောင်းဆိုင်)၊ ကော့မှူးမြို့မှ ဦးအေးနိုင် (ဆီကုန်သည်)၊ ဆိပ်ကြီးခနောင်တိုမြို့မှ ဦးမောင်မောင်တင့် (ဖိုးရာဇာ ကုမ္ပဏီ)၊ သန်လျင်မြို့မှ ဦးမြင့်ဦး (နေလ ဆောက်လုပ်ရေး)၊ သန်လျင်မြို့မှ ဦးမြသန်း (မြမြင့်မိုရ် တည်းခိုခန်း)၊ ခရမ်းမြို့မှ ကုန်သည် ဦးနိုင်လင်း၊ သန်လျင်မြို့မှ ဦးမျိုးသန့် (မီယာမီသောက်ရေသန့်)၊ သန်လျင်မြို့နယ် ဗီဒီယိုလုပ်ငန်းရှင်များကိုယ်စား ဦးအေးသန်း၊ ဦးလှစိုး (စက်တပ်ရေယာဉ်အသင်း)၊ ဦးဝင်းကြိုင် (သန်လျင် အား/ကာ)၊ ဦးသော်တာဝင်း (မြစ်သဲ ကျောက်လုပ်ငန်း)၊ ကွမ်းခြံကုန်းမြို့မှ ကုန်သည် ဒေါ်တင်အိ၊ ရန်ကုန်မြို့မှ ဦးဝင်းနိုင်–ဒေါ်အိအိရွှေ (Asia Express)၊ သန်လျင်မြို့ ဝိဇ္ဇာလမ်းမှ ဒေါ်တင်တင်ခိုင်၊ တွံတေးမြို့ ပြဿတိုက်ကျေးရွာမှ ငါးလုပ်ငန်းရှင် ဦးမြင့်စိန်၊ တွံတေးမြို့ အုန်းပင်ချောင်ကျေးရွာမှ ဦးစောအလက်ဇန္ဒား၊ ဒလမြို့မှ တည်းခိုခန်းပိုင်ရှင် ဦးတင်အောင်မြင့်၊ ဒလမြို့မှ တည်းခိုခန်းပိုင်ရှင် ဦးစိုးတင့်၊ သန်လျင်မြို့မှ ဦးကျော် (Lucky Seven)နှင့် ဦးရှိန်အောင် (လမြတ်စတိုး) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင် ၆၃ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၈၆၄၉၆၀၀ ကို ပေးအပ် လှူဒါန်းကြရာ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ လှမြင့်၊ သန်လျင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်တင်ဝေတို့က လက်ခံရယူကြပြီး မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် သန်လျင်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်နှင့်အတူ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပေးကြသည့်အလှူရှင်များ၊ ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့် မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး မြေကွက်လပ်၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်အားပေးပြီး မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များနှင့်အတူ ခြံစည်းရိုးကြက်ဆူ ပင် ၃၆၀ တို့ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အလှူရှင်များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ ဆေးရုံကြီးများ ဝန်းကျင်သန့်ရှင်းသာယာ စိမ်းလန်းစိုပြည်စေရေး၊ ဆေးပဒေသာပင်အလှူငွေ စိုက်ထူလှူဒါန်းခြင်း လုပ်ငန်းများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီး၊ အင်းစိန်မြို့နယ် ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့တော် စည်ပင်နယ်နိမိတ်ပြင်ပ၊ ရန်ကုန်တောင်ပိုင်း ခရိုင် သန်လျင် ပြည်သူ့ဆေးရုံကြီးတို့တွင် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍လည်း ကျန်ရှိသည့် မြို့နယ်များရှိ ဆေးရုံကြီးများတွင်လည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးကြပ်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၃–၂၀၀၆ (တနင်္လာနေ့)

(၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ရက်) (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀	၈။	နဂါးရေလှောင်တမံ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Demonstration Exercises For Correct Pronunciation.
၄:၄၀	၄။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ ခုနှစ်)
၄:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၁၀	၆။	အကပဒေသာ
၅:၂၅	၇။	မြန်မာစာ၊ မြန်မာစကား
၅:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၅:၄၀	၉။	**“ချစ်သောမြေချစ်သောရေ” (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅:၄၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေး ပုရွက် ဆိတ်လေး” (အပိုင်း–၇၃)**
၇:၀၀	၁၄။	အဆိုပြိုင်ပွဲ
၇:၁၀	၁၅။	အတီးပြိုင်ပွဲ
၇:၂၀	၁၆။	(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၅	၁၇။	အကပြိုင်ပွဲ
၇:၄၅	၁၈။	တေးဂီတအစီအစဉ်
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**“ရုပ်မြင်သံကြားဇာတ်လမ်း” “သူရဲကောင်းများ ထွန်းကားသည်” (အပိုင်း–၁) (ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

မူးယစ်အန္တရာယ် လူ့ရန်စွယ်

ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

ပြည်ပအားကစားသတင်းများ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ယှဉ်ပြိုင်

လန်ဒန် မတ် ၁၉

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၀)ကို စနေနေ့က ကျင်းပရာ အာဆင်နယ်အသင်းသည် ၎င်း၏ အိမ်ကွင်းတွင် ချာလ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ရောဘတ်ပီရက်စ်၊ အီမင်နျူယယ် အာဒီဘေယာနှင့် အလက်ဇန္ဒား အယ်လက်တို့၏ဂိုးများနှင့်အတူ အာဆင်နယ်အသင်း အနိုင်ရရှိခဲ့ပြီး ယင်းအသင်းသည် လန်ဒန်မြောက်ပိုင်း ပြိုင်ဘက် စပါးစ်အသင်းနှင့် အနီးကပ်ယှဉ်ပြိုင်လျက်ရှိသည်။

စပါးစ်အသင်းသည် စနေနေ့ နှောင်းပိုင်းက ကျင်းပသည့်ပွဲတွင် ဘာမင်ဂမ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားတွင် စတုတ္ထနေရာ၌ရှိနေသည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ၏ ချန်ပီယံဆုဖလားကြီးကို ဒုတိယအကြိမ် ဆွတ်ခူးရယူနိုင်ရန် ခြေလှမ်းပြင်နေသော ချယ်လ်ဆီးအသင်းသည် ၇၅မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

အာဆင်နယ်အသင်းမှ အွန်နရီ (ဝဲ) က ချာလ်တန်အသင်းမှ ခရစ္စပယ်ရီ၏ ရှေ့တွင် ဘောလုံးကို ခုန်၍ကန်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အနိုင်ရရှိ

ဘလက်ဘန်းရိုဗာအသင်းနှင့် ဘော်လ်တန်အသင်းတို့မှာ အနိုင်ပွဲများရရှိခဲ့ကြပြီး မျှော်လင့်ချက်များ ပိုမိုရှင်သန်လာသည်။ ဘလက်ဘန်းရိုဗာအသင်းသည် မစ်ဒယ်ဘာရိုးအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဘော်လ်တန်အသင်းက ဆန်ဒါလန်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ဝီဂန်အသင်းက မန်ချက်စတာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

စပါးစ်အသင်းသည် ပွဲပေါင်း ၃၀ ကစားပြီး ၅၂မှတ် ရရှိထားကာ အာဆင်နယ်အသင်းမှာ အမှတ် ၅၀ ရရှိထားသည်။

ဘလက်ဘန်းအသင်းမှာ ၄၉မှတ်ရရှိထားပြီး နှစ်ပွဲကစားရဦးမည့် ဘော်လ်တန်အသင်းမှာ ၄၈မှတ် ရရှိထားပြီဖြစ်သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ဝက်စ်ဘရွန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့် အမှတ်ကွာဟမှုကို ၁၂မှတ်အထိ လျှော့ချလိုက်နိုင်သည်။

တတိယ နေရာတွင်ရှိနေသော လီဗာပူးအသင်းသည် တနင်္ဂနွေနေ့တွင် နယူးကာဆယ်ယူနိုက်တက် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ၅၈မှတ် ရရှိထားသည်။

အနိုင်ဂိုးသွင်း

တော့တင်ဟမ်အသင်းမှ အာရွန်လီနွန်နှင့် ရော်ဘီကိန်းတို့၏ ဂိုးများနှင့်အတူ စိန့်အင်ဒရူးကွင်းတွင် ဘာမင်ဂမ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် လီနွန်က တော့တင်ဟမ်အသင်းအတွက် ပထမဆုံးအကြိမ် ဂိုးသွင်းနိုင်ခဲ့သည်။ ပွဲချိန် ၆၅မိနစ်တွင် လီနွန်က အဖွင့်ဂိုးသွင်းပေးခဲ့ပြီးနောက် ၁၂မိနစ်အကြာတွင် ရော်ဘီကိန်းက အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

မိမိတို့သည် အမှတ်ပေးဇယားတွင် စတုတ္ထနေရာ၌ ရပ်တည်နိုင်မည်ဟု ယူဆကြောင်း၊ သို့ရာတွင် အာဆင်နယ်အသင်းနှင့် ဘလက်ဘန်းအသင်းပါ ကြိုးစားကစားနေကြကြောင်း တော့တင်ဟမ်အသင်းမှ မန်နေဂျာ ဂျိုးလ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပစိဖိတ်လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ရှာရာပိုဟာပိုလ်စွဲ အမျိုးသားပြိုင်ပွဲတွင် ရော်ဂျာဖက်ဒရဲရား ဗိုလ်လုပွဲတက်

အင်ဒီးယန်းဝဲလ်စ် မတ် ၁၉

ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်၏ ပစိဖိတ်လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရုရှားနိုင်ငံမှ တင်းနစ်မယ် မာရီယာရှာရာပိုဗာက တစ်ပြည်တည်းသူ အယ်လင်နာဒီမန်တီဗာကို အနိုင်ရရှိပြီး ချန်ပီယံဆုဖလားရရှိသည်။ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် စနေနေ့က ကျင်းပသည့် တင်းနစ်ဗိုလ်လုပွဲသို့ လူသိန်းနှင့်ချီကာ အားပေးကြည့်ရှုခဲ့ကြသည်။



ပစိဖိတ်လိုက်ဖ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် ရှာရာပိုဗာက ဒီမန်တီဗာကို ၆–၁၊ ၆–၂ ဖြင့် အနိုင်ရရှိပြီး ဆုဖလားရရှိခြင်းဖြစ်သည်။

ရှာရာပိုဗာသည် ၂၀၀၄ ခုနှစ်က ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲတွင် အောင်ပွဲခံခဲ့ပြီးနောက် တင်းနစ်လောကတွင် ထင်ပေါ်ကျော်ကြားလာခဲ့သည်။ အဆင့်သတ်မှတ်ချက်အရ နံပါတ်(၃)နေရာရှိ ရှာရာပိုဗာသည် ပြီးခဲ့သည့် ဇွန်လက ဘာမင်ဂန်တွင် ကစားခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် ပစိဖိတ်လိုက်ဖ်အိုးပင်းတွင် ဆုဖလားရရှိသည်။

ပစိဖိတ်လိုက်ဖ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို စနေနေ့က ကျင်းပရာတွင် ဆွစ်ဇာလန်နိုင်ငံမှ ရော်ဂျာဖက်ဒရဲရားက ထိုင်းနိုင်ငံမှ ပါရာဒွန်ဆက်ကရီချာပန်းကို ၆–၂၊ ၆–၃ ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းသွားပြီဖြစ်သည်။ ဖက်ဒရဲရားသည် အင်ဒီးယန်းဝဲလ်စ်မာစတာစီးရီး ဆုဖလားကို တတိယအကြိမ်ရယူရန် အလားအလာများ ပြသလျက်ရှိသည်။ ***အင်တာနက်။***

ပစိဖိတ်လိုက်ဖ် အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အနိုင်ရရှိသူရှာရာပိုဗာ။ *(ဓာတ်ပုံ–အင်တာနက်)*

Hotel Glory ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၉

Hotel Glory ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အမှတ်(၅၇၄) အောက်ကြည့်မြင်တိုင်လမ်းမပေါ်ရှိ အဆိုပါဟိုတယ်ရှေ့တွင် ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ Hotel Glory အုပ်ချုပ်မှု ဒါရိုက်တာ ဦးခင်မောင်ပြုံး၊ ဒါရိုက်တာ ဒေါ်လှလှအေးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ Hotel Glory အုပ်ချုပ်မှု ဒါရိုက်တာ ဦးခင်မောင်ပြုံးနှင့် ဒါရိုက်တာ ဒေါ်လှလှအေးတို့က ဖဲကြိုးဖြတ်၍ Hotel Glory ဟိုတယ်ကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)** ယင်းနောက် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က Hotel Glory ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက ဟိုတယ်အတွင်း ကြည့်ရှုလေ့လာကြသည်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် မတ် ၁၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အဆင့်မြင့်ဟိုတယ်ခြောက်လုံး ယခုလအတွင်း ပျဉ်းမနားတွင် စတင်ဖွင့်လှစ်မည်၊ အမေရိကန်ရှိ မြန်မာပိုင် အင်ဂျင်နီယာကုမ္ပဏီက မြန်မာအင်ဂျင်နီယာများကို ဦးစားပေးခန့်ထားရန် အလုပ်ခေါ်ယူ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အာဟာရမမှီဝဲဘဲ တရားအားထုတ်နေသူ လုလင်ကလေး နေရာမှပျောက်သွား၊ ခရီးရှည်လေယာဉ်စီးသူများ သွေးပြန်ကြောသွေးခဲဖြစ်စဉ်အဖြစ်များ၊ ဆီးရီးယားအစိုးရ နိုင်ငံတကာဘဏ်လုပ်ငန်းတွင် ဒေါ်လာအစား ယူရိုငွေကြေးသို့ပြောင်း၊ နိုကီယာလက်ကိုင်ဖုန်းကုမ္ပဏီ အိန္ဒိယ၌ အခြေစိုက်စက်ရုံဖွင့်လှစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၃–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း–၇)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစုံစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း–၂၅)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၃–၂၀၀၆ (တနင်္လာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့်ရတနာဈေး
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ(ငါးမြင်းနှင့် ရုံးပတီသီး)
၇:၅၀	ပြည်တွင်းသတင်းအကျဉ်း
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ အပိုင်း(၆)
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၅	ဗွီစီဒီမိတ်ဆက်(တောင်တန်းမြေမှတေးမှတ်တမ်း)
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	စိမ်းနေဦးမည့်တို့မြန်ပြည်
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	Video Magazine Vol-I No.2 Part-I
၉:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀	နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက် အပိုင်း(၂)
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	Business Talk
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	မြန်မာစာ၊ မြန်မာစကား(၆)
၁၁:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅	ချစ်စရာကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၂၂:၂၅ Man City-West Ham

လိုင်း 5-Sports (Live)

ထူးခြားသည့်နေ့အပူချိန်များ

(၁၉–၃–၂၀၀၆)

မင်းဘူး၊ ပြည်နှင့် ဘားအံ

၄၀ဒီဂရီစင်တီဂရိတ်

(၁၀၄ဒီဂရီဖာရင်ဟိုက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်လမ်းရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဘဏ်များကြီးကြပ်ရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘဏ်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သမဝါယမဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

အမွေးနံ့သာများ ပက်ဖျန်းပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ ဘဏ်များအသင်း ကမ္ပည်းမော်ကွန်းကျောက်ပြားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်း တံခါးနှင့် ရန်ကုန်-သန်လျင်တံတား အမှတ်(၂)စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါး အခြေအနေနှင့် ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





ကျောက်မျက်ရတနာပြပွဲ ကျောက်မျက်အတွဲပေါင်း ၅၁ တွဲ ရောင်းချရ

ရန်ကုန် မတ် ၁၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာပြီး ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

(၄၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီမှ စတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကျောက်မျက်အတွဲပေါင်း ၅၁ တွဲ ရောင်းချခဲ့ရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▼